# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်နေ့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၂)၊ အမှတ် (၀၆၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာအဖွဲ့အစည်း (JSC “Tyazhpromexport”) ၏ ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာအဖွဲ့အစည်း (JSC “Tyazhpromexport”) ၏ ညွှန်ကြားရေးမှူးချုပ် Mr. Sergey Egorov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာအဖွဲ့အစည်း (JSC “Tyazhpromexport”) ၏ ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။


ယနေ့ *မာတိကာ*

**အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ယွန်းအတတ်ပညာများကို သင်ကြားပို့ချပေးနေသည့် ယွန်းပညာကောလိပ်(ပုဂံ)မှ ယွန်းအတတ်ပညာဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပို့ချ** — ပြည်တွင်းသတင်း စာ ၇

**အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ကမ္ဘာတစ်ဝန်းစည်းလုံးစို့** — ဆောင်းပါး စာ ၈

**ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲ၌ အားကစားနည်း ၃၈ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၆၀၈ မျိုး ထည့်သွင်းကျင်းပမည်** — ပြည်တွင်းသတင်း စာ ၁၀

# မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးသို့

ခေတ်မီဆေးဝါး အတတ်ပညာများ မပေါ်ပေါက်မီ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူ့အဖွဲ့အစည်းတို့တွင် ကျန်းမာရေးအတွက် ရိုးရာဆေးပညာ ကုထုံးများနှင့် ဆေးဝါးများကိုသာ အားကိုးအားထားပြု သုံးစွဲခဲ့ကြရသည်။ မြန်မာ့တိုင်းရင်းဆေးသည်လည်း ရှေးနှစ် ထောင်နှင့်ချီသည့် ကာလကပင်ရှိခဲ့ပြီး တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စသည့် ခေတ်အဆက်ဆက်တို့တွင် တစ်စတစ်စ ခိုင်မြဲအခြေကျလာခဲ့ခြင်းဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာတွင် အိန္ဒိယဆေးကျမ်းများ၏ ဩဇာလွှမ်းမိုးမှုများရှိခဲ့သလို မြန်မာမင်းများက ပတ်ဝန်းကျင်နိုင်ငံများကို သိမ်းသွင်းရာမှ ဆေးဝါးအတတ်ကျွမ်းကျင်သူများ၊ အရိုးကျိုး အရိုးဆက် ကျွမ်းကျင်သူများကိုပါ ခေါ်ဆောင်လာခဲ့သည်များလည်း ပေါင်းစည်းပါဝင်ခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးပညာသမိုင်းတွင် မြန်မာတို့ ကိုလိုနီလက်အောက်ခံဘဝ ကျရောက်ခဲ့ရပြီးနောက် မြန်မာ့တိုင်းရင်းဆေးကဏ္ဍမှာလည်း မှေးမှိန်သွားခဲ့ရကြောင်းနှင့် ဒုတိယကမ္ဘာစစ်ကာလတွင်မူ အနောက်တိုင်းဆေးဝါးများ ရှားပါးပြတ်လပ်မှုများနှင့် တွေ့ကြုံရမှုကြောင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများကို အဓိက ပြန်လည်သုံးစွဲလာကြရကြောင်းကို တွေ့ရှိရသည်။ စစ်ကြိုခေတ် ၁၉၃၀ ပြည့်နှစ်တွင် တိုင်းရင်းဆေးပညာ စုံစမ်းရေးကော်မတီတစ်ရပ် ထွက်ပေါ်လာပြီး အဆိုပါကော်မတီက တိုင်းရင်းဆေးပညာကျောင်း ဖွင့်လှစ်ရေး၊ ပရဆေးဥယျာဉ်တည်ဆောက်ရေး၊ တိုင်းရင်းဆေးရုံနှင့် ဆေးခန်းများ တည်ထောင်ရေးတို့ကို ဗြိတိသျှအစိုးရအား အစီရင်ခံခဲ့သော်လည်း အကောင်အထည်ပေါ်လာခြင်းမရှိခဲ့။ သို့ရာတွင် မြန်မာ့တိုင်းရင်းဆေးပညာရှင် အသိုက်အဝန်းမှာ နိုးကြားလာခဲ့ကြသည်ဟုဆိုသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်တွင် တိုင်းရင်းဆေးအခမဲ့ ဆေးခန်းများ၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ပေါ်ပေါက်လာပြီး ၁၉၅၅ ခုနှစ်တွင် တိုင်းရင်းဆေးဆရာအဖွဲ့အက်ဥပဒေနှင့် နည်းဥပဒေများပြဋ္ဌာန်း၍ တိုင်းရင်းဆေးဆရာများကို မှတ်ပုံတင်စေခဲ့ရာ ၁၉၆၂ ခုနှစ်သို့ ရောက်ရှိသည့်အခါ မှတ်ပုံတင်တိုင်းရင်းဆေးဆရာ ၂၂၅၈၃ ဦး ရှိခဲ့သည်။ ယင်းနှစ်တွင် စနစ်တကျ အရည်အချင်းစစ်စာမေးပွဲဖြင့် စစ်ဆေးခြင်းမပြုဘဲ မှတ်ပုံတင်ပေးထားသော တိုင်းရင်းဆေးဆရာများကို ဖျက်သိမ်း၍ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ ဟူသော ဘာသာရပ်သုံးမျိုးဖြင့် အရည်အချင်းစစ်ဆေးပြီး အောင်မြင်သူများကိုသာ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်ထုတ်ပေးခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကိုလည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ တိုင်းရင်းဆေးပညာ ဆွေးနွေးပွဲကြီးကိုလည်းကောင်း ကျင်းပခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံမှာ ယခုနှစ်တွင် (၂၁)ကြိမ်မြောက်အဖြစ် ကျင်းပတော့မည်ဖြစ်သည်။ ညီလာခံနှင့်အတူ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကိုပါ နေပြည်တော် MICC II တွင် ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာကုထုံးများ၊ တိုင်းရင်းဆေးဝါးများနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်ပေးနိုင်ရေး၊ အစွမ်းထက် တိုင်းရင်းဆေးဝါးများနှင့်ကုထုံးများ ပေါ်ထွက်လာရေးအတွက် သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး စသည်တို့အပါအဝင် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထိန်လင်းအောင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ခ) | ဦးရဲထွန်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်မှတ်ပုံတင်စနစ်<br>ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့<br>အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့<br>အင်အားဝန်ကြီးဌာန |
| (ဂ) | ဒေါ်လဲ့လဲ့အေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန |

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဆောင်းပါးပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ (၇၅) နှစ် စိန်ရတုတိုင် ဖြတ်သန်းခဲ့သည့် လွတ်လပ်ရေး၏ အနှစ်သာရများ၊ သမိုင်းမှတ်တမ်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့၏ ပုံရိပ်များနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်မည့် မွန်မြတ်သော ရည်ရွယ်ချက်များ အစရှိသည်တို့ကို ဖော်ညွှန်းရေးသားထားသော ဆောင်းပါးများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့် စာမူများအား Pyidaungsu Font Size 13 ဖြင့် စာမျက်နှာ (၅) မျက်နှာမှ (၇) မျက်နှာအထိ ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်နှင့် Softcopy CD တစ်ခွေကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ ပေးပို့ရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာ ပို့ချမှုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

ပြိုင်ပွဲဝင်စာမူများကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စာမူစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောစာမူများကို ပြိုင်ပွဲဝင်ဆောင်းပါးအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မိုး/ဇလ

## ဆွမ်ပရာဘွမ်မြို့၌ တစ်နှစ်အောက် ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းဆောင်ရွက်

**ဆွမ်ပရာဘွမ် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့တွင် တစ်နှစ်အောက်ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ယမန်နေ့က ဆွမ်ပရာဘွမ်မြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ ဆွမ်ပရာဘွမ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးကျော့နှင့် အဖွဲ့ဝင်များ၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ပူးပေါင်းကာ ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ ဆေးမှတ်တမ်းများ ရေးသွင်းခြင်းဖြင့် ကျန်းမာရေးစစ်ဆေးကာ တစ်နှစ်အောက်ကလေးငယ်များကို ကာကွယ်ဆေးများထိုးနှံပေးသည်။

ဆက်လက်၍ ကလေးငယ်မိခင်များကို ဆွမ်ပရာဘွမ်မြို့နယ် မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁)ဒေါ်ဂျေလုဂျာက ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ရှင်းလင်းပြောကြားပြီး



ဆွမ်ပရာဘွမ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးကျော့နှင့် အဖွဲ့ဝင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက အာဟာရပြည့်အစားအစာများကို လှူဒါန်းပေးသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ❖ မြန်မာနိုင်ငံ၏ သံနှင့်သံမဏိ ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရုရှားနိုင်ငံအနေဖြင့် နည်းပညာပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေး

❒ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ သံနှင့်သံမဏိ ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ရုရှားနိုင်ငံအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ် များကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာ အဖွဲ့ အစည်း (JSC“Tyazhpromexport”) ၏ ညွှန်ကြား ရေးမှူးချုပ် Mr. Sergey Egorov နှင့်အတူ မြန်မာ နိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV နှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

# ကချင်ပြည်နယ်အတွင်း နေကြာသီးနှံလျာထားဧက ၁၀၀၀၀ ကျော် ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေး

**မြစ်ကြီးနား ဒီဇင်ဘာ ၆**

ကချင်ပြည်နယ်အတွင်း ဒေသ ဝမ်းစာဖူလုံရေးအပြင် ဆီစားသုံးမှု ဖူလုံရေးအတွက် ဆီထွက်သီးနှံ နေကြာ လျာထားချက်ပြည့်မီ အောင် သိပ္ပံနည်းကျ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုး ရေးသွင်းအားစုများ ဖြည့်ဆည်း ပေးနိုင်ရေးအတွက် ပြည်နယ် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့် ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌများ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ဒီဇင်ဘာ ၅ ရက် က ကျင်းပခဲ့သည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ၂၀၂၂- ၂၀၂၃ ခုနှစ်အတွက် နေကြာသီးနှံ တိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကို ခရိုင် အလိုက် လျာထားဧက ၁၀၆၄၀ ကို စီမံချက်ရေးဆွဲ ဆောင်ရွက် ထားခဲ့သော်လည်း လျာထားဧက ထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်သည့် မြေဧရိယာများလည်း များစွာ ရှိနေကြောင်း၊ သို့ဖြစ်၍ မြေပြင် အမှန်ကွင်းဆင်းခြင်း၊ စိုက်ပျိုးနိုင် သည့် မြေဧရိယာဖော်ထုတ်ခြင်း၊ မျိုးကောင်းမျိုးသန့်နှင့် ဈေးကွက် ရရှိရေးအပြင် နည်းလမ်းတကျ လုပ်ဆောင်ရေးသည် အရေးကြီး ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုး ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းနှင့် တာဝန်ရှိသူ များက နေကြာသီးနှံ တိုးချဲ့ စိုက်ပျိုးနိုင်ရေး မျိုးကောင်း မျိုးသန့်များ စုဆောင်းရရှိမှု၊ ခရိုင် အလိုက် ဖြန့်ဖြူးမှုအခြေအနေ များ၊ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စည်းရုံးဆောင် ရွက်ထားရှိမှုများကို ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်သည် အဆိုပါအစည်း အဝေးခန်းမ၌ ကျင်းပသည့် ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်း များကို ကိုဗစ်- ၁၉ ရန်ပုံငွေမှ ထုတ်ပေးထားသည့် ချေးငွေများ ကို အကျိုးရှိစွာ အသုံးချမှုအပေါ် ပြည်နယ်စိစစ်ကြပ်မတ်ရေးအဖွဲ့ ၏(၃/၂၀၂၂) ကြိမ်မြောက် အစည်း အဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးချုပ်က ယခုအခါ ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူ များအနေဖြင့် ချေးငွေကာလ သက်တမ်းနှစ်နှစ်စေ့ရောက်သည့် နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံသက်တမ်း တိုးမြှင့်ပေး သဖြင့် လုပ်ငန်းရှင်များက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဖြေလျှော့ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးစား ဆောင်ရွက်မှုကို နားလည်သဘော ပေါက်ပြီး မိမိတို့၏ လုပ်ငန်းများ ကို အောင်မြင်အောင် အကောင် အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် စိစစ်ကြပ်မတ်ရေး အဖွဲ့ဝင်များနှင့် ကုမ္ပဏီ၊ လုပ်ငန်း ရှင်များက ချေးငွေဆိုင်ရာ လုပ်ထုံး လုပ်နည်း စည်းကမ်းချက်များနှင့် လိုအပ်သည်များ တင်ပြဆွေးနွေး ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မြန်မာနိုင်ငံတွင်လည်း ကျင်းပသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

၃၁-၁၀-၂၀၀၃ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက် ၅၈/၄ ဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သဘောတူလက်မှတ် ရေးထိုးခဲ့ကြသော ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းက ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည် ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အဆိုပါကွန်ဗင်းရှင်းသို့ တရားဝင် အတည်ပြုဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါသည်။ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက် ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အခြားကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဦးဆန်းမြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့် သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခ ချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၅ ရက်က တက္ကသိုလ်၌ ဖွင့်လှစ် လျက်ရှိသော အလယ်အလတ် အဆင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံ ခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာ သင်တန်းအမှတ်စဉ် (၇)၊ အရာ ထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန် ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၀) နှင့် စာရေး ဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ်(၁၀၂) သင်တန်းများ၏ သင်တန်းခန်းမများ၌ သင်တန်း အလိုက် ဆွေးနွေးပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ၌ စိုက်ပျိုး ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်ပြီး တက္ကသိုလ် စစ်ရေးပြကွင်းတွင် ကာကွယ် ရေး ပညာဌာနမှ စစ်ရေးပြနှင့် လက်နက်ငယ် သင်ခန်းစာများ သင်ကြားလေ့ကျင့်ပေးနေသည့် အခြေအနေများကို ကြည့်ရှုပြီး သင်တန်းစားရိပ်သာတွင် အရာ ထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန် ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၀) သင်တန်းသား၊ သင်တန်း သူများနှင့် ရင်းရင်းနှီးနှီး နေ့လယ် စာအတူ သုံးဆောင်သည်။

ထို့နောက် တက္ကသိုလ်တွင် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသော တည်ဆောက်ရေး လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ မှာကြားသည်။

သတင်းစဉ်

## ကွန်ဟိန်းမြို့၌ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

**ကွန်ဟိန်း ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ကိုယ်ဝန်ဆောင်မိခင်များ ပုံမှန်ကာကွယ် ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၈ နာရီက မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေး ပေးခြင်း၊ ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်ခြင်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များ နှင့်အညီ ဆောင်ရွက်ပြီး မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ လာရောက်ထိုးနှံကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❑ *ကျောဖုံးမှ*

ဆိုင်ရာ တတ်သိပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းကြောင့် ဖွံ့ဖြိုးတိုးတက်လာသည့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မကြုံစဖူးထိခိုက်ခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ လျော့နည်းလာခဲ့သည့်အတွက် ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်လာစေရန် နိုင်ငံအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ကြားသိနေရကြောင်း။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး**

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် ရက်ပေါင်း ၂၀ ဆက်တိုက် ၁ ရာခိုင်နှုန်းအောက်သာရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေး နောက်ဆုံးထုတ်ပြန်ထားသည့် ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့စီးပွားရေးကို အထောက်အပံ့ပြုသည့် အရေးကြီးသော ကဏ္ဍများအတွင်းမှ တစ်ခုဖြစ်ပြီး အလုပ်အကိုင် ၁၀ မျိုးတွင် တစ်မျိုးသည် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် အလုပ်အကိုင် အမျိုးအစားများပင်ဖြစ်သည့်အပြင် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ပေါင်း သန်း ၃၂၀ ကျော်ကို ဖန်တီးပေးပြီး ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းရှိသည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ မှတ်တမ်းများအရသိရှိရကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းသည် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်လာရန် များစွာ အထောက်အပံ့ပြုသည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ထပ်လောင်း အသိအမှတ်ပြုထားကြောင်း။

**ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်**

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၀၀ ကျော်သည် ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကမ္ဘာအနှံ့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကမ္ဘာလှည့်ခရီးသည် သန်း ၇၀၀ ခန့် လှည့်လည်ဝင်ရောက်ခဲ့သည့်အတွက် ယမန်နှစ်က အလားတူကာလထက် ၁၃၃ ရာခိုင်နှုန်း ပိုမိုဝင်ရောက်ကြောင်းနှင့် ကိုဗစ်ကပ်ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ်ကာလ၏ ၆၅ ရာခိုင်နှုန်းထိ ပြန်လည်ရောက်ရှိခဲ့သည်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများ အရသိရကြောင်း။

ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အဓိကမောင်းနှင်အား တစ်ခုဖြစ်ကြောင်း၊ MSMEs လုပ်ငန်းသည် နိုင်ငံတော်နှင့် လူမှုစီးပွားရေးတိုးတက်မှုကိုပါ အထောက်အကူပြုနိုင်သော အဓိကအခန်းကဏ္ဍဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများကလည်း ဆက်စပ်စီးပွားအထောက်အကူ ဖြစ်နေသည့်အတွက် ခရီးသွားလုပ်ငန်းမှတစ်ဆင့် MSMEs များကို တိုက်ရိုက်အထောက်အကူပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်း MSMEs များဖွံ့ဖြိုးတိုးတက်စေရန် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် စားသောက်ကုန်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို မိမိတို့၏ဒေသထွက်ကုန်ကြမ်းများကို



**"ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၀၀ ကျော်သည် ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်၊ ယင်းသို့ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကမ္ဘာအနှံ့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကမ္ဘာလှည့်ခရီးသည် သန်း ၇၀၀ ခန့် လှည့်လည်ဝင်ရောက်ခဲ့သည့်အတွက် ယမန်နှစ်ကအလားတူ ကာလထက် ၁၃၃ ရာခိုင်နှုန်း ပိုမိုဝင်ရောက်ကြောင်းနှင့် ကိုဗစ်ကပ်ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ်ကာလ၏ ၆၅ ရာခိုင်နှုန်းထိ ပြန်လည်ရောက်ရှိခဲ့သည်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရသိရ"**

အသုံးပြုပြီး ထိုမှတစ်ဆင့် အဆင့်မြင့်ကုန်ချောပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန် လိုအပ်သည့် နည်းပညာဗဟုသုတများနှင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြပွဲပြိုင်ပွဲများဖြင့် လုပ်ငန်းရှင်များကို ဆွဲဆောင်စည်းရုံး ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများကို တိုက်တွန်းလိုကြောင်း။

**ဆင့်ပွားအကျိုးကျေးဇူးများရရှိမည်**

MSMEs လုပ်ငန်းအများစုအနေဖြင့် မတည်ရင်းနှီးငွေ၊ နည်းပညာ၊ အခြေခံ အဆောက်အဦ၊ ကျွမ်းကျင်လုပ်သား၊ ဈေးကွက်ရရှိရေး အစရှိသည်တို့တွင် စိန်ခေါ်မှုများ အများဆုံးကြုံတွေ့ရလေ့ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြင့် ဆင့်ပွား အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူဗဟိုပြုပြီး အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ထိထိရောက်ရောက် ရရှိခံစားနိုင်စေရန်နှင့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရာတွင်လည်း ဒေသခံပြည်သူများ၏ အကြံဉာဏ်နှင့် ပူးပေါင်းပါဝင်မှုကိုရပြီး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာစေရန်လည်း စည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ လူတန်းစားမရွေးလွယ်ကူစွာ ခရီးသွားလာနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆောင်ရွက်နေသည့် Barrier Free Tourism ဖော်ဆောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ခရီးသွားကျေးရွာများဖော်ဆောင်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်နိုင်သည့် Agri Based Tourism၊ Farming Based Tourism နှင့် ပုပ္ပါးတောင် ဘူမိ ခရီးသွားလုပ်ငန်းကဲ့သို့ Educational Tourism စသည့် ခရီးသွားလုပ်ငန်း အမျိုးအစားအချို့ကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ဆောင်ရွက်နိုင်ရန် အကြံဉာဏ်သစ်များဖြင့် နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆက်စပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလားအလာရှိသောမြို့၊ ရွာများကို ခရီးသွားမြို့များ၊ ခရီးသွားကျေးရွာများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးရန် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသို့ ရောက်ရှိလည်ပတ်သည့်အချိန်မှစ၍ ပြန်လည်ထွက်ခွာသည့်အချိန်ထိ ခရီးသွားဧည့်သည်များ ဝင်ထွက်မှုလွယ်ကူစေရေး၊ တည်းခို၊ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနအားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ ခရီးစဉ်ဒေသများတွင် ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာပြီး ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံတို့၏လူမှုဘဝစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ဖြစ်စေသည့်အတွက် ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ရည်မှန်းဈေးကွက်များဖော်ဆောင်**

ယခု ပွင့်လင်းရာသီမှအစပြုပြီး ခရီးသွားလုပ်ငန်းများ ပုံမှန်လည်ပတ်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ရင်းနှီးပြီး ဆက်ဆံရေးကောင်းမွန်သည့် နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများကို မိမိတို့၏ အဓိကရည်မှန်းဈေးကွက်များအဖြစ် ကနဦးသတ်မှတ်ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ထူးခြားသည့် ခရီးသွားထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုလည်း Digital Platform များမှတစ်ဆင့် ကမ္ဘာ့ခရီးသွား အဝန်းအဝိုင်းသိရှိနိုင်စေရေး ဆက်လက်မြှင့်တင်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ မြန်မာနိုင်ငံ သံရုံးများမှတစ်ဆင့် မြန်မာ့ခရီးသွားလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆွဲဆောင်အသိပေးဖိတ်ခေါ် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စည်းရုံးဖိတ်ခေါ်ဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံအတွင်း လာရောက်လည်ပတ်ကြမည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးနှင့် လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး ဆင့်ပွားအကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည့် ခရီးသွားလုပ်ငန်းအမျိုးအစားစုံလင်စွာ ဖွံ့ဖြိုးလာစေရန် အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် မြန်မာခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် စွန့်ဦးတီထွင်မှုနှင့်အတူ ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးလာစေရန်နှင့် ဈေးကွက်များ ပြန်လည်ရှင်သန် အားကောင်းလာစေရေး ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီဝင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြသွားရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးနှင့် ခရီးသွားလုပ်ငန်းမှတစ်ဆင့် နိုင်ငံ၏ ပုံရိပ်ကောင်းကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသည့်နေရာတွင် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအဖွဲ့ဝင်များ အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် ပွင့်လင်းစွာ အကြံပြုဆွေးနွေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် က ခရီးသွားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေး တင်ပြသည်။

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က ဗဟိုကော်မတီ (၁/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေများနှင့် ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများ ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့မှုများကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပုဂ္ဂလိကခရီးသွား အဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# (၅၈) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံနှင့် (၄၂) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့၏ ဂါဗာနာဘုတ်အဖွဲ့အစည်းအဝေးကျင်းပ






**နေပြည်တော် ဒီဇင်ဘာ ၆**

အရှေ့တောင် အာရှဗဟိုဘဏ်များ အဖွဲ့ (The South East Asian Central Banks (SEACEN) Research and Training Centre) နှင့် ကမ္ဘောဒီးယားနိုင်ငံ ဗဟိုဘဏ်တို့မှကြီးမှူး၍ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့၌ ဒီဇင်ဘာ ၅ ရက်တွင် (၅၈) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံ (58th SEACEN Governors' Conference/ High Level Seminar) နှင့် (၄၂) ကြိမ်မြောက် အရှေ့တောင် အာရှ ဗဟိုဘဏ်များအဖွဲ့၏ ဂါဗာနာဘုတ် အဖွဲ့အစည်းအဝေး (42nd SEACEN Board of Governors–BOG Meeting) သို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်ခဲ့သည်။

ယင်းနေ့ နံနက်ပိုင်းတွင် (၅၈) ကြိမ်မြောက် အရှေ့တောင် အာရှဗဟိုဘဏ်များ အဖွဲ့၏ ဂါဗာနာများ ညီလာခံ (58th SEACEN Governors' Conference/ High Level Seminar) ကို ကျင်းပရာ ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Chea Chanto နှင့် SEACEN အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami တို့က ကြိုဆိုနှုတ်ခွန်းဆက် စကားများပြောကြားကြသည်။ ထို့နောက် "Current Policy Challenges" ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဥရောပဗဟိုဘဏ် (European Central Bank–ECB) ၏ အကြီးအကဲ Ms. Christine Lagarde၊ ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခ Dr. Larry Summers၊ အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ် (Bank for International Settlements–BIS) ၏ ဒုတိယအထွေထွေမန်နေဂျာ Dr. Luiz Pereira da Silva နှင့် စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Ravi Menon တို့က ဦးဆောင်ဆွေးနွေးကြပြီး၊ ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် "The Global and Asia Economic Context" နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF) ၏ အာရှပစိဖိတ်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး Dr. Sanjaya Panth ကတင်ပြပြီး၊ တင်ပြချက်အပေါ် ထိုင်းနိုင်ငံဗဟိုဘဏ် ဥက္ကဋ္ဌ Dr. Setha–put Suthiwartnarue–put ၊ ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့၏ ဒုတိယအမှုဆောင်အရာရှိချုပ် Mr. Darryl Chan နှင့် အင်ဒိုနီးရှားနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Dody Waluyo တို့က ဦးဆောင်ဆွေးနွေးကြပြီး၊ ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် "Transition Challenges and Scaling Up Climate Financing" နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ငွေရေးကြေးရေးနှင့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Dr. Fabio Natalucci က တင်ပြပြီး၊ တင်ပြချက်အပေါ် ဖိလစ်ပိုင်နိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ Dr. Felipe Medalla နှင့် Institute of Finance and Sustainability ၏ အကြီးအကဲ Dr. Ma Jun တို့က ဦးဆောင်ဆွေးနွေးကြပြီး၊ ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် (၄၂) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ ဂါဗာနာဘုတ်အဖွဲ့ (42nd SEACEN Board of Governors–BOG) အစည်းအဝေးကို ဆက်လက်ကျင်းပရာ SEACEN အမှုဆောင် ဒါရိုက်တာ Dr. Mangal Goswami က SEACEN စင်တာ၏ ၂၀၂၂ ခုနှစ်အတွင်း နည်းဗျူဟာအစီအစဉ် အကောင်အထည်ဖော်မှုဆိုင်ရာ အခြေအနေ၊ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် အဆိုပြုလုပ်ငန်းများ၊ ၂၀၂၃ ခုနှစ်အတွက် အဆိုပြုဘတ်ဂျက်လျာထားမှုနှင့် အခြားစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ဗဟိုဘဏ်ဥက္ကဋ္ဌများထံ တင်ပြလမ်းညွှန်မှုခံယူရာ အဖွဲ့ဝင်ဗဟိုဘဏ် (၁၉) ဘဏ်တို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟားခါး၌ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၆**

ချင်းပြည်နယ် ဟားခါးမြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် (ကိုယ်စား)၊ လူမှုရေးရာဝန်ကြီး ဦးသန့်ဇင် တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်နယ်လူမှုရေးရာဝန်ကြီးက မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ မှတ်ပုံတင်ရေး ဆောင်ရွက်လျက်ရှိသည့် မြို့နယ် ၄ မြို့နယ်ရှိပြီး မသန်စွမ်းသူများ မဲပေးနိုင်ရေး အတားအဆီးမဲ့စွာဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၂–၂၀၂၃ ခု ဘဏ္ဍာရေးနှစ်၊ တတိယသုံးလပတ်အတွင်း မသန်စွမ်းမှု အမျိုးအစားအလိုက် အသိပညာပေးခြင်းနှင့် အထူးလိုအပ်လျက်ရှိသော ကလေးများ အသိပညာပေးသင်တန်းကို ဖလမ်းမြို့နယ်တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ (Vocational Training) သင်တန်းများတွင် မသန်စွမ်းသူများ တက်ရောက်သင်ကြားနိုင်ရေး ဆက်စပ်ဌာနများနှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်နှစ်များတွင် CERP အရ ချင်းပြည်နယ်အတွင်း တစ်ဦးလျှင် ကျပ် ၃၀၀၀၀ ဖြင့် မသန်စွမ်းသူဦးရေ ၆၁၃၀ ကို ထောက်ပံ့ ပေးနိုင်ခဲ့ပါကြောင်း၊ မသန်စွမ်းသူများအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ယခုနှစ် ဆောင်ပုဒ်အရ ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအတွက် "အားလုံး လက်လှမ်းမီ ညီမျှရေး ဆောင်ရွက်ပေးကြစို့" ဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ UN Message နှင့် Video Clip များ ဖွင့်လှစ်ပြသပေးသည်။ ယင်းနောက် မသန်စွမ်းသူများကို ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တက်ရောက်လာကြသည့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**(အောက်ပုံ) ခရိုင်(ပြန်/ဆက်)**





## ရှေးမြန်မာမင်းများ တည်ထားခဲ့သည့် နှစ် ၉၀၀ ကျော် သက်တမ်းရှိ ညောင်ရမ်း - မင်းလှကန် ပြုပြင်မွမ်းမံ

**နေပြည်တော် ဒီဇင်ဘာ ၆**

သာစည် ဒေသနေပြည်သူများ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် ရှေးမြန်မာမင်းများလက်ထက်က မြေသားတမံ ရေလှောင်ကန်အဖြစ် တည်ဆောက်အသုံးပြုခဲ့သည့် နှစ် ၉၀၀ ကျော်သက်တမ်းရှိ ညောင်ရမ်း–မင်းလှကန် ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို ဒီဇင်ဘာ ၄ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး နှင့် တာဝန်ရှိသူများသည် ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ရေသယံဇာတများ အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် ရေပေးဝေသည့်မြောင်းများ၊ အဆောက်အအုံများရေရှည်တည်တံ့ပြီး ရေပေးဝေမှုစနစ် တိုးတက်စေရေးအတွက် ရေသောက်မြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ (Water User Group–WUG) များ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရန်နှင့် ညောင်ရမ်း–မင်းလှကန် ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ရေး အသိပညာပေး လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ မှ စိုက်ကွင်းပေါင်း ၁၀၂ ကွင်း၏ ရေသောက်ဧရိယာ ဧက ၂၇၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိသော ညောင်ရမ်း – မင်းလှကန်မှာ နွေရာသီရေရှားပါးချိန်၌ သောက်သုံးရေဖူလုံရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုလျက်ရှိရာ ရှေးဟောင်းအမွေအနှစ်တစ်ခုအဖြစ် ထိန်းသိမ်းနိုင်ရေးနှင့် ရေရှည်လက်ဆင့်ကမ်းပြီး အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက်ကန်ပေါင်ဆင့်ခြင်း၊ ရေပေးမြောင်းတစ်လျှောက် သဲနုန်းတူးဖော်၍ တူးမြောင်းများ ပုံစံကျပြုပြင်ခြင်း၊ တူးမြောင်းအဆောက်အအုံများပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် နေကြာစိုက်တောင်သူများအား မျိုးစေ့နှင့် သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့

နေပြည်တော် ဒီဇင်ဘာ ၆

**နေကြာမျိုးစေ့ထုတ် စိုက်ခင်းမျိုးစေ့ချ သရုပ်ပြစိုက်ပျိုးခြင်းနှင့် နေကြာစိုက် တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ချောင်းဆုံမြို့နယ်အတွင်း ဆောင်းသီးနှံ နေကြာစိုက်ပျိုးထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံတောင်သူများက လယ်ယာသုံး စက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုမှု၊ ရေငန်တားတမံများ ဆောင်ရွက်ပေးစေလိုမှု၊ နေကြာအပါအဝင် ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းအတွက် ထောက်ပံ့ပေးစေလိုမှုနှင့် စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နေကြာစိုက်တောင်သူများအား မျိုးစေ့နှင့် သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး(ယာပုံ) တောင်သူ ဦးအုံးသွင်၏ လယ်မြေပေါ်တွင် မျိုးစေ့ချ စက်ကိရိယာဖြင့် ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့ချ စိုက်နည်းစနစ် သရုပ်ပြစိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။



မွန်ပြည်နယ်အတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ နေကြာစိုက်ပျိုးရန် စိုက်ဧက ၆၁၃၄ ဧကကျော်လျာထားပြီး နေကြာစိုက်တောင်သူများအတွက် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သည့် အရည်အသွေးမြင့် ယူရီးယားမြေဩဇာ ၄၆၇ ဒသမ ၅၅ တန်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုတ်ပြင်းမြို့နယ်၌ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကံမော်ကြီးကျေးရွာ၌ ကျင်းပသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာနှင့် ရေငံကြီးကျေးရွာတို့အတွက် ဆိုလာ အသေးစား ဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်း စီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ကျော်တို့က အမှာစကား ပြောကြားကြသည်။



ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စီမံကိန်း ကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့က စီမံကိန်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ဓာတ်အားပေး စက်ရုံမြေနေရာတွင် ပန္နက်ရိုက်ပေးကြသည်။

အဆိုပါစီမံကိန်းသည် ဆိုလာတပ်ဆင်စွမ်းအား (176 KW)၊ အရန်ဒီဇယ်မီးစက် (80 KW) တို့ကို တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကာ စီမံကိန်းပြီးစီးပါက ကံမော်ကြီးကျေးရွာရှိ အိမ်ခြေ ၂၁၀၊ လူဦးရေ ၁၀၃၀ နှင့် ရေငံကြီးကျေးရွာရှိ အိမ်ခြေ ၃၃၀၊ လူဦးရေ ၂၁၄၆ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကံမော်ကြီးကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကံမော်ကြီးကျေးရွာမှ ကော့သောင်း-ဘုတ်ပြင်းလမ်းမကြီးသို့ ဆက်သွယ်သည့် ကျေးလက်လမ်း ၉ မိုင်ကို အဆင့်မြှင့်တင် ဖောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကော့သောင်းမြို့နယ် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ကြီး၊ နည်းပြများ၊ သင်တန်းသူများနှင့် တွေ့ဆုံကာ အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၅) မှ သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များနှင့် အသုံးအဆောင် ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ခေတ်မီစံပြကျေးရွာ (SMART Village)အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဘန်းကချွန်ကျေးရွာအုပ်စု တိုင်းဒင်ကျေးရွာ၌ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ တိုင်းဒင်ကျေးရွာရှိ အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့အတွက် ကျေးလက် စီးပွားမြင့်မားရေး (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

## လေးထောင့်ကန်ဒေသရှိ သမဝါယမအသင်းသား ပြည်သူများသို့ အခြေခံစားကုန်နှင့် လူသုံးကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၏ စီစဉ်ပေးမှုဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်သမဝါယမဦးစီးဌာနမှ လေးထောင့်ကန်ဒေသ အပိုင်(၁၊ ၄၊ ၆) ရှိ သမဝါယမအသင်းသားပြည်သူများသို့ စားသုံးဆီ၊ မြေပဲဆီ၊ ဆန်(ရက် ၉၀) ပေါ်ဆန်းနှင့် ဆပ်ပြာအမျိုးမျိုး စသည့် အခြေခံစားကုန်နှင့် လူသုံးကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်သားမြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း စံကွက်ရိတ်သိမ်း၊ တစ်ဧက ၉၆ တင်းကျော် ထွက်ရှိ

**မြစ်သား ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ မိုးစပါး မျိုးစေ့ထုတ် စံကွက်ရိတ်သိမ်းပွဲကို ယနေ့ နံနက်က သီလင်ကျေးရွာအုပ်စု ခန္တီးလေးကျေးရွာ တောင်သူ ဦးမြင့်ထူး၏ လယ်မြေ ၁၅ ဧကတွင် ပြုလုပ်ခဲ့သည်။ **(ယာပုံ)**



အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများ၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ငြိမ်းနှင့် ဝန်ထမ်းများ၊ တောင်သူများက စံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုလေ့လာကြသည်။

မြစ်သားမြို့နယ်တွင် စပါးစိုက်တောင်သူများ မျိုးကောင်း မျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းကို တောင်သူကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စံကွက်ရိတ်သိမ်းခြင်းမှ ရရှိလာသော တွေ့ရှိချက်များကို အခြေခံကာ နောင်စပါးစိုက်ပျိုးရာသီတွင် နည်းပညာများရရှိရန် ရည်ရွယ်၍ စံကွက်ရိတ်သိမ်းပေးခြင် ဖြစ်ကြောင်း၊ အဆိုပါစံကွက်မှ တစ်ဧကလျှင် အစို ၉၆ ဒသမ ၆၀ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။ **မောင်ကျော်ကြီး**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပဲခူးမြို့၌ ၂၀၂၂ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day)အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

**၂၀၂၂ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက “AIDS ပပျောက်ဖို့ မညီမျှမှုများ လျှော့ချလို့ အားလုံးပူးပေါင်းဆောင်ရွက်စို့” ဟူသော ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်နှင့်အညီ ဝေဒနာရှင်များ အား လူတိုင်းလက်လှမ်းမီရရှိနိုင်သော အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရေး၊ ခွဲခြား နှိမ့်ချမှုကင်းစင်ရေး၊ AIDS နှင့် ဆက်နွယ်သော သေဆုံးမှု လျှော့ချရေးလုပ်ငန်းစဉ်များကို အရှိန် အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်အကုန်တွင် HIV ပိုး ကူးစက်မှုကင်းဝေး သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန် အားလုံးပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် HIV/AIDS ရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြို့တော်ခန်းမရှိ သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အထိမ်းအမှတ်ပြခန်းများ၊ HIV/AIDS ရောဂါ ကာကွယ်ရေးသုံး ကျန်းမာရေးပစ္စည်းများ၊ ကုသရေး သုံးဆေးဝါးများနှင့် အသိပညာပေးစာစောင်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ (ဝဲပုံ)

အထိမ်းအမှတ်အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါး ဧက ၆၃၅၀၀ ကို စတင်အကောင်အထည်ဖော်သွားမည်

**မုံရွာ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်း များအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် လယ်ယာကဏ္ဍများတွင် လုပ်ကိုင်ကြမည့် တောင်သူများ၏ စိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေမြင့်မားလာခြင်း မှတစ်ဆင့် နိုင်ငံ့စီးပွားမြင့်မားလာ စေရန် ရည်ရွယ်ပြီး ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ တိုင်းဒေသကြီးအတွင်း စီမံကိန်း အတွက် နွေစပါး ဧက ၆၃၅၀၀ ကို စတင်အကောင်အထည်ဖော်သွား မည်ဖြစ်ပြီး တောင်သူများ၏ လိုအပ်ချက်နှင့် တင်ပြမှုရှိလာပါက နွေစပါးဧကများ တိုးချဲ့လုပ်ဆောင် သွားမည်ဖြစ်ပါကြောင်း၊ ရွှေဘို ခရိုင်၊ ရေဦးခရိုင်အတွင်း လျာထား သော်လည်း ကသာ၊ စစ်ကိုင်း၊ မော်လိုက်၊ ဟုမ္မလင်းခရိုင်များ တွင် တိုးချဲ့ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထား ကြရန် လိုအပ်ပါကြောင်း။



စီမံကိန်းတွင် ပူးပေါင်းဆောင် ရွက်သွားမည့် အသင်းအဖွဲ့များ အနေဖြင့် စိုက်ပျိုးရေးသွင်းအားစု များဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး ရောင်းချသည့် အသင်းများ၊ ဆန်စပါးအသင်း များ၊ ဆန်စက်ပိုင်ရှင်အသင်းနှင့် ကုန်စည်ဒိုင်အသင်းများကလည်း နိုင်ငံတော်အကျိုးစီးပွား၊ တောင်သူ လယ်သမားများ၏ အကျိုးစီးပွား များအတွက် အင်တိုက်အားတိုက် ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးဝင်းလှိုင်ဦးက နွေစပါး အကောင်အထည်ဖော် ဆောင်ရွက် ထားရှိမှုအခြေအနေများကို လည်း ကောင်း၊ တိုင်းဒေသကြီး စားသုံးသူ ရေးရာဦးစီးဌာန ညွှန်ကြားရေး မှူး ဦးကျော်ကျော်လွင်က စီမံ ကိန်း အကောင်အထည်ဖော်ရေး အတွက် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့ သူ အစုအဖွဲ့များ ရွေးချယ်နိုင်ရေး ဆောင်ရွက်မည့် အခြေအနေများ ကို လည်းကောင်း၊ တိုင်းဒေသကြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းနိုင် က စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး နိုင်ရေး လုပ်ငန်းအခြေအနေများ နှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြ သည်။

ဆက်လက်၍ ရွှေဘိုခရိုင်၊ ရေဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး လုံခြုံ ရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်း ဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းနှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်လှလှဝင်းတို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကြံပြုဆွေးနွေး တင်ပြချက် များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ သည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ယွန်းအတတ်ပညာများကို သင်ကြားပို့ချပေးနေသည့် ယွန်းပညာကောလိပ်(ပုဂံ)မှ ယွန်းအတတ်ပညာဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပို့ချ

**မန္တလေး ဒီဇင်ဘာ ၆**

အရှေ့တောင်အာရှတွင် တစ်ခု တည်းသော ယွန်းအတတ်ပညာ များကို သင်ကြားပို့ချပေးနေသည့် ညောင်ဦးခရိုင် ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်(ပုဂံ)မှ ယွန်း အတတ်ပညာ ဒီပလိုမာတစ်နှစ် သင်တန်း၊ နှစ်နှစ်သင်တန်းများကို ပုံမှန် ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ဒီပလိုမာ တစ်နှစ်သင်တန်းကို ဒီဇင်ဘာလအတွင်း ဖွင့်လှစ်မည် ဖြစ်ကြောင်း ယွန်းပညာကောလိပ် (ပုဂံ) ကျောင်းအုပ်ထံမှ သိရသည်။

၁၉၂၆–၁၉၂၇ ပညာသင်နှစ်မှ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်အထိ အခြေခံ ယွန်းပညာသင်တန်း ၁၀၆၅ဦး၊ အထက်တန်းယွန်းပညာ သင်တန်း ၃၃၃ ဦး၊ ယွန်းအတတ် ပညာဒီပလိုမာသင်တန်း ၁၂၄ ဦး၊ ယွန်းအတတ်ပညာဒီပလိုတစ်နှစ် သင်တန်း(ဘွဲ့ရ) ၅၀၊ ယွန်းအတတ် ပညာဒီပလိုမာ နှစ်နှစ်သင်တန်း (တက္ကသိုလ်ပေါင်းကူး) ၁၁၉၂ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



သင်တန်းဆင်းကျောင်းသား ကျောင်းသူများ၏ သရုပ်ပြသနေမှု။

“ဒီပလိုမာ တစ်နှစ်သင်တန်း ကို ဒီဇင်ဘာလထဲမှာ ဖွင့်သွား မှာပါ။ တက္ကသိုလ်တစ်ခုခုက ဘွဲ့ရရှိပြီးသူတွေ လျှောက်နိုင်ပါ တယ်။ ဒီပလိုမာနှစ်နှစ်သင်တန်း ကတော့ တက္ကသိုလ်ဝင်စာမေး ပွဲကို ဘယ်ဘာသာတွဲနဲ့ပဲဖြစ်ဖြစ် အောင်မြင်ပြီးသူတိုင်း လျှောက်နိုင် တယ်။ နှစ်နှစ်သင်တန်းမှာ စီမံ ခန့်ခွဲမှုပညာဘာသာရပ်၊ သတင်း အချက်အလက်နှင့် နည်းပညာ ဘာသာရပ်တွေကိုပါ သင်ကြား ပို့ချပေးမှာပါ။ အဆောင်နေထိုင် ခွင့်တွေကိုလည်း ရရှိမှာ ဖြစ်ပါ တယ်။ အောင်မြင်ပြီးသူတွေဟာ သန်လျင်နဲ့ စစ်ကိုင်းမှာရှိတဲ့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်တွေမှာ တတိယနှစ်သို့ ပေါင်းကူးတက်ရောက် သင်ကြား ခွင့်ရရှိမှာပါ”ဟု ကျောင်းအုပ် ဒေါ်နီလာမြင့်က ပြောသည်။

ယွန်းပညာ ကောလိပ် တက်ရောက်ခြင်းဖြင့် အမျိုးသား ယဉ်ကျေးမှု လက်ရာတစ်ရပ် ဖြစ်သော ပန်းယွန်းအနုပညာကို သင်ယူခြင်းဖြင့် မျိုးချစ်စိတ်ဓာတ် မြင့်မားစေခြင်း၊ စီးပွားရေးစီမံခန့် ခွဲမှုပညာရပ်များကို လေ့လာ တတ်မြောက်စေခြင်းဖြင့် ပြည်တွင်း ပြည်ပဈေးကွက်များကို လေ့လာ သင်ယူနိုင်ခြင်း၊ စီးပွားရေးနယ်ပယ် တွင် လက်တွေ့အသုံးချနိုင်သည် အထိ တတ်မြောက်ကျွမ်းကျင်မှု ရှိခြင်း၊ ယွန်းလက်မှုအနုပညာကို တတ်မြောက်ကျွမ်းကျင်ခြင်းဖြင့် နိုင်ငံတကာ အနုပညာတက္ကသိုလ် များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ခြင်း၊ အရှေ့တောင်အာရှ ယွန်း ထုတ်လုပ်သည့် နိုင်ငံများနှင့် နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုး ကျေးဇူးများ ရရှိမည်ဖြစ်သည်။

မြန်မာ့ရိုးရာ လက်မှုအနုပညာ တစ်ခုဖြစ်သော ယွန်းထည်လုပ်ငန်း အတတ်ပညာနှင့် နည်းစနစ်များ ကို တိမ်ကောပပျောက်မှုမရှိစေရန် အစဉ်ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက် စေရန်အတွက် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းကို ၁၉၂၄ ခုနှစ် က စတင်တည်ထောင်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် မြန်မာ့ယွန်းသိပ္ပံအဖြစ် လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ယွန်းပညာကောလိပ်သို့ တိုးမြှင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်မည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ကမ္ဘာတစ်ဝန်းစည်းလုံးစို့

ဇင်ငြိမ်း

**ဒီဇင်ဘာ ၉ ရက်သည် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဖြစ်ပါသည်။ ကုလသမဂ္ဂအထွေထွေညီလာခံသည် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ချမှတ်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အသက်ဝင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကမ္ဘာ့နိုင်ငံများသည် ကောင်းမွန်သော အုပ်ချုပ်ရေး၊ တာဝန်ယူမှုနှင့် နိုင်ငံရေးကတိကဝတ်များ၏ အရေးပါမှုကို ပြသသည့်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတာဝန်များကို အဖွဲ့ဝင် ၁၈၈ နိုင်ငံက ကတိပြုခဲ့ကြသည်။**

ကုလသမဂ္ဂသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ အခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အတွက် ဆောင်ပုဒ်မှာ "UNCAC at 20: Uniting the World Against Corruption" "အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ကမ္ဘာ့တစ်ဝန်းစည်းလုံးစို့" ဟု သတ်မှတ်ထားပါသည်။ ထို့ပြင် လာမည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် UN Convention against Corruption (UNCAC) ၏ နှစ်(၂၀) မြောက် နှစ်ပတ်လည်နေ့ နီးကပ်လာသည်နှင့် အမျှ ယင်းကွန်ဗင်းရှင်းနှင့် ၎င်းကိုမြှင့်တင်ထားသောတန်ဖိုးများသည် ယခင်ကထက် ပို၍ အရေးကြီးပြီး အဂတိလိုက်စားမှုဆိုင်ရာ ရာဇဝတ်မှုများ ကိုင်တွယ်ဖြေရှင်းရေး ကြိုးပမ်းအားထုတ်မှုများတွင် လူတိုင်းပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း ကုလသမဂ္ဂက တိုက်တွန်းထားပါသည်။




## အတားအဆီးတစ်ခုဖြစ်

ယနေ့ကမ္ဘာကြီးတွင် မျိုးဆက်များစွာအတွင်း လူသားများ၏ သာယာဝပြောမှုနှင့် တည်ငြိမ်မှုကို ခြိမ်းခြောက်နေသည့် အကြီးမားဆုံးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ထိုစိန်ခေါ်မှုများထဲတွင် အဂတိလိုက်စားမှုသည် တစ်ခုအပါအဝင်ဖြစ်ပြီး အဂတိလိုက်စားမှုများကြောင့် လူသားအချင်းချင်း ခေါင်းပုံဖြတ်မှု၊ အနိုင်ကျင့်မှုနှင့် မတရားမှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကြား အရေးပါဆက်နွှယ်မှုကို မီးမောင်းထိုးပြရန်အတွက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ရည်ရွယ်ကျင်းပနေခြင်း ဖြစ်ပါသည်။ ထို့ပြင် အဆိုပါရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် လူတိုင်း၏ အခွင့်အရေးနှင့် တာဝန်များဖြစ်သည်ဟူသော ခံယူချက်ထားရှိလာစေရန်နှင့် လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းတစ်ခုချင်းစီ၏ ပူးပေါင်းပါဝင်မှု၊ ပူးပေါင်းလုပ်ဆောင်မှုများဖြင့်သာလျှင် အဂတိလိုက်စားမှုဖြစ်ပွားခြင်းနှင့် ၎င်း၏ ဆိုးကျိုးများကို ကျော်လွှားနိုင်မည် ဖြစ်ပါသည်။

နိုင်ငံများ၊ အစိုးရအရာရှိများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တရားဥပဒေစိုးမိုးရေး အရာရှိများ၊ သတင်းမီဒီယာ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်း၊ ပညာရေးဆိုင်ရာများ၊ ပြည်သူလူထုနှင့် လူငယ်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ရမည့် တာဝန်များရှိကြသည့်အလျောက် ယင်းသို့ စုပေါင်းကာကွယ်တားဆီးခြင်းဖြင့်သာ လူသားတို့ ရင်ဆိုင်နေရသော အဂတိလိုက်စားမှုဆိုင်ရာ ရာဇဝတ်မှုများကို တားဆီးနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် အဂတိလိုက်စားမှုသည် နိုင်ငံအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက် အဓိကအတားအဆီးတစ်ခုဖြစ်နေပါသည်။ အဂတိလိုက်စားမှု၊ ပဋိပက္ခနှင့် မတည်ငြိမ်မှုများသည် အပြန်အလှန် ဆက်နွှယ်နေကြသဖြင့် ပညာရေး၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ အားကစား၊ ကျား/မ တန်းတူညီမျှရေး၊ တရားမျှမှုရရှိရေး အစရှိသည့် လူ့အဖွဲ့အစည်း၏ တိုးတက်မှု နယ်ပယ်အားလုံးကို အဂတိလိုက်စားမှုများက ထိခိုက်စေလျက်ရှိပါသည်။

ထို့ပြင် အဂတိလိုက်စားမှုကြောင့် ပဋိပက္ခများ ဖြစ်ပေါ်စေပြီး ပဋိပက္ခများကို အရှိန်မြှင့်တက်စေလျက်ရှိပါသည်။ အခြားဘေးထွက်ဆိုးကျိုးများ အနေဖြင့် လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုများကြောင့် တရားဥပဒေစိုးမိုးရေးကို အားနည်းစေခြင်း၊ ဆင်းရဲမွဲတေမှု ပိုမိုဆိုးရွားလာစေခြင်း၊ သယံဇာတများကို တရားမဝင် ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်စေခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွက် ဘဏ္ဍာငွေ ပံ့ပိုးပေးခြင်းများ ဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဟန့်အတား ဖြစ်စေလျက်ရှိပါသည်။

သို့ဖြစ်ရာ ယင်းအတားအဆီးများ ပပျောက်စေရေး လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှု ရှိစေခြင်းနှင့် အင်စတီကျူးရှင်းများ ခိုင်မာစေခြင်းစသည့် လုပ်ငန်းစဉ်များသည် လွန်စွာအရေးပါသည့် လုပ်ငန်းစဉ်များ ဖြစ်ကြပါသည်။

## စနစ်တကျ အဂတိလိုက်စားမှု

ကမ္ဘာ့ဘဏ်က အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ကို ဖွင့်ဆိုသည်မှာ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ခြင်းဟု ဆိုပါသည်။ ထိုသို့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ခြင်းများသည် အများပြည်သူရေးရာ ကဏ္ဍများတွင်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍများတွင်ဖြစ်စေ နယ်ပယ်အသီးသီးတွင် ဖြစ်ပွားနိုင်ပါသည်။

အများပြည်သူဆိုင်ရာကဏ္ဍအတွင်း အဂတိလိုက်စားမှုများသည် ဖြစ်စဉ်တစ်ခုချင်း episodic (a single act of corruption) သို့မဟုတ် စနစ်တကျ (အချိန်နှင့်အမျှ ကျယ်ကျယ်ပြန့်ပြန့် အဂတိလိုက်စားနေခြင်းနှင့် ယင်းအမူအကျင့်များ) ဖြစ်နိုင်ပါသည်။ ထို့ပြင် ၎င်း၏ အကျိုးဆက်များသည် ပုံမှန်အားဖြင့် ဖြစ်စဉ်တစ်ခုအတွက်သာမက နယ်ပယ်အားလုံးသို့ ကျယ်ပြန့်စွာ ရောက်ရှိစေနိုင်ပါသည်။ လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်လာသော အကျင့်ပျက်ခြစားမှုမှန်သမျှသည် ပြင်းထန်သော ကိုယ်ကျင့်တရားပျက်စီးမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ထိုမှတစ်ဆင့် ကျယ်ပြန့်စွာ အမြစ်တွယ်လာသည့် အကျင့်ပျက်ခြစားမှုကြောင့် ကျင့်ဝတ်သိက္ခာမဲ့သော လူ့အဖွဲ့အစည်း ယဉ်ကျေးမှုဆီသို့ ဦးတည်သွားကာ စနစ်ကျသော အဂတိလိုက်စားမှုအဖြစ် ကြီးထွားလာပါသည်။

အများပြည်သူ့ကဏ္ဍတွင် စနစ်ကျအဂတိလိုက်စားမှုများကြောင့် အစိုးရအဖွဲ့အစည်းများအပေါ် လူထုယုံကြည်မှုပျက်ပြားစေကာ မူဝါဒခိုင်မာမှုကို ထိခိုက်စေသဖြင့် ပြည်သူ့ကဏ္ဍ ရလဒ်များ ကမောက်ကမ ဖြစ်စေပါသည်။ ၎င်းသည် အဂတိလိုက်စားသည့် ကိုယ်ကျိုးရှာအဖွဲ့အစည်း ယဉ်ကျေးမှုဖြစ်ပေါ်စေသည့်အတွက် အများပြည်သူကဏ္ဍအပေါ် နက်နက်ရှိုင်းရှိုင်း ဆိုးကျိုးများ သက်ရောက်စေလျက်ရှိပါသည်။

အများပြည်သူဆိုင်ရာ စနစ်တွင်ဖြစ်စေ၊ ပုဂ္ဂလိကဆိုင်ရာတွင်ဖြစ်စေ ပုံစံအမျိုးမျိုးဖြင့် ပါဝင်ပတ်သက်သူများ၏ ကျယ်ပြန့်သောအကျိုးစီးပွားများကြောင့် စနစ်တကျ အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် လွန်စွာခက်ခဲစေတတ်ပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို စနစ်တကျ ကြိုးပမ်းအားထုတ်ရာတွင် သက်ဆိုင်ရာ ကဏ္ဍများကို အခြေခံ၍ ပြင်ပထိန်းချုပ်မှုများ အပါအဝင် (ဥပဒေနှင့် စည်းမျဉ်းများ အပါအဝင်) လူထု၏ ကျယ်ပြန့်စွာပူးပေါင်းပါဝင်မှု အပေါ်အခြေခံရန် လိုအပ်ပါသည်။

## အဂတိလိုက်စားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး

အဂတိလိုက်စားမှုသည် နိုင်ငံအားလုံးတွင် တွေ့ရသည့် ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ သို့သော်လည်း အထောက်အထားများအရ အဂတိလိုက်စားမှုသည် အခြားသူများထက် ဆင်းရဲသူများအပေါ် ထိခိုက်စေလျက်ရှိသည်ကို တွေ့ရပါသည်။ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အပြင် ပညာရေး၊ ကျန်းမာရေးနှင့် အခြားပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ဘဏ္ဍာငွေများအပေါ် အလွဲသုံးစားမှုများ ဖြစ်စေလျက်ရှိပါသည်။ ကမ္ဘာ့ဘဏ်၏အဆိုအရ နှစ်စဉ် အမေရိကန် ဒေါ်လာ ၁ ထရီလီယံခန့် လာဘ်ပေးလာဘ်ယူလျက်ရှိပြီး အကျင့်ပျက်ခြစားမှုများမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံ ခိုးယူခံနေရကြောင်း ကမ္ဘာ့ဘဏ်က ဆိုပါသည်။

ကမ္ဘာတစ်ဝန်း အဂတိလိုက်စားမှု ပုံစံအမျိုးမျိုး ရှိကြပါသည်။ ယင်းသို့သော ပုံစံအမျိုးမျိုးတွင် အများဆုံးတွေ့ရသည့် ပုံစံများမှာ လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှု၊ ငွေကြေးခဝါချမှု၊ ငွေညှစ်မှု၊ ဖြတ်စားလျှပ်စားမှု၊ မလျော်ဩဇာသုံး၍ အကျိုးအမြတ်ရှာမှု၊ ခရိုနီဝါဒ/လက်ဝါးကြီးအုပ်မှု၊ ဆွေမျိုးကောင်းစားရေးဝါဒ၊ သူကောင်းပြုမှုဝါဒ၊ ကိုယ်ရေးကိုယ်တာ အကျိုးအမြတ်အတွက် သတင်းအချက်အလက်များ တရားမဝင် ရယူအသုံးပြုခြင်း၊ အမြန်ကြေးပေးရခြင်း၊ ထိန်းသိမ်းတာဝန်ယူရန် တရားဝင်အပ်နှင်းထားသော ငွေကြေး/ပစ္စည်းများကို အလွဲသုံးစားပြုလုပ်မှု၊ ပြည်သူပိုင်ပစ္စည်း အလွဲသုံးစား ပြုလုပ်ခြင်းတို့ဖြစ်ကြောင်း UNDP က ဆိုပါသည်။

ထိုသို့ပုံစံအမျိုးမျိုးဖြင့် အဂတိလိုက်စားမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆုံးရှုံးသွားသည့် ရန်ပုံငွေပမာဏသည် တရားဝင်ဖွံ့ဖြိုးရေး အကူအညီအားလုံး၏ ဆယ်ဆခန့်ရှိကြောင်း ခန့်မှန်းထားပါသည်။ အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကြောင့် ဖြစ်လာသည့်အကျိုးဆက်များသည် လူ့အဖွဲ့အစည်း၏ တိုးတက်မှုအခွင့်အလမ်းများအတွက် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နေကြပါသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ဆန့်ကျင်ဘက် အသွင်ဆောင်လျက်ရှိပြီး အဂတိလိုက်စားမှုများကြောင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့် ရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတားဖြစ်စေခြင်း၊ ဝင်ငွေမညီမျှမှု ပိုမိုဆိုးရွားစေခြင်း၊ အစိုးရဝန်ဆောင်မှုစရိတ်များ မြင့်တက်စေခြင်း၊ အစိုးရအပေါ် ယုံကြည်မှုကျဆင်းစေခြင်းနှင့် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်စေသဖြင့် နိုင်ငံ၏စီးပွားရေးအပေါ် တိုက်ရိုက်ထိစေသည့်အပြင် အခြားဖွံ့ဖြိုးရေးကဏ္ဍများသို့လည်း သွယ်ဝိုက်၍ ထိခိုက်စေလျက်ရှိပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် အဂတိလိုက်စားမှု၏ အကျိုးဆက်များကို ပြင်းထန်စွာ ခံစားနေကြပါသည်။

## မြန်မာနိုင်ငံမှ အကောင်အထည်ဖော်နေမှု

မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Against Corruption) သို့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် တရားဝင်အတည်ပြု ဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်း အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းနှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

- ကမ္ဘာ့ဘဏ်၏အဆိုအရ နှစ်စဉ် အမေရိကန် ဒေါ်လာ ၁ ထရီလီယံခန့် လာဘ်ပေးလာဘ်ယူလျက်ရှိပြီး အကျင့်ပျက်ခြစားမှုများမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံ ခိုးယူခံနေရ
- ပုံစံအမျိုးမျိုးဖြင့် အဂတိလိုက်စားမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆုံးရှုံးသွားသည့် ရန်ပုံငွေပမာဏသည် တရားဝင်ဖွံ့ဖြိုးရေး အကူအညီအားလုံး၏ ဆယ်ဆခန့် ရှိကြောင်း ခန့်မှန်းထား

*စာမျက်နှာ ၉ သို့*

# ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမျှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၁) နှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၂) ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၆

**ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၁) နှင့် အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၂) သင်တန်းများဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) နီလာခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အဆင့်မြင့် အရာရှိကြီးများ၏ အရည်အသွေးများ မြင့်မား ထက်မြက်လာစေပြီး မိမိတာဝန်ယူရသော ဝန်ထမ်း အဖွဲ့အစည်း၏ ဦးဆောင်နိုင်မှုစွမ်းရည် တိုးတက် လာစေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းရခြင်း ဖြစ်ကြောင်း၊ သင်တန်းတွင် ဘက်ပေါင်းစုံတွေးခေါ် မြော်မြင်မှု၊ ညှိနှိုင်းပေါင်းစပ်တတ်မှု၊ ပြည်တွင်း၊ ပြည်ပဗဟုသုတနှင့် သတင်းအချက်အလက် နည်းပညာများကို အသုံးချပြီး ပိုမိုကောင်းမွန်သည့် ပညာရပ်အတွေ့အကြုံ သင်ခန်းစာနှင့် နမူနာများကို လေ့လာသုံးသပ်တတ်သည့် အလေ့အထများ ရရှိစေရန် တာဝန်ရှိသူများက ဆွေးနွေးပို့ချသွားမည် ဖြစ်ကြောင်း၊ ကျယ်ပြန့်သည့် တွေးခေါ်မြော်မြင်မှု စွမ်းအားနှင့် စွမ်းဆောင်ရည်များ အစဉ်တိုးတက် နေစေရန် သင်တန်းကာလဆွေးနွေးမှုများမှ ပညာသစ်၊ အတွေ့အကြုံသစ်များကို ဖော်ထုတ်သိမြင်နိုင်ရေး အထူးကြိုးပမ်း လေ့လာသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၁)သို့ ဝန်ကြီးဌာနများမှ သင်တန်းသား ၂၀ နှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၂)သို့ သင်တန်းသား ၃၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဖာလင်ကျေးရွာအုပ်စုရှိ လူငယ်ဘဝပြုစုပျိုးထောင်ရေးအသင်းသို့ ထောက်ပံ့ငွေများနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ဟိုပန့် ဒီဇင်ဘာ ၆**

“ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်သည် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၅ ရက်က ဖာလင်ကျေးရွာအုပ်စုရှိ “လူငယ်ဘဝ ပြုစုပျိုးထောင်ရေး အသင်း” ခန်းမ၌ မူးယစ်ဆေးဝါး ဖြတ်သူများကို တွေ့ဆုံအားပေး စကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ **(ဝဲပုံ)**




ထို့နောက် “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌသည် ဟိုပန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက် ကုသနေသူများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တွံတေးမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ အသိပညာပေးဟောပြော

**တွံတေး ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကော်မတီမှ ကျင်းပသော ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခြေခံပညာဦးစီးဌာန ဒုတိယမြို့နယ် ပညာရေးမှူး ဒေါ်အေးအေးမော်က ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေဦးက မြန်မာနိုင်ငံ အနေဖြင့် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ ကုလသမဂ္ဂသဘောတူ စာချုပ်ကို ၁၉၉၁ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးအဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံဖြစ်လာကြောင်း ၁၉၉၃ ခုနှစ်တွင် ကလေးသူငယ်ဥပဒေနှင့် ၂၀၁၁ ခုနှစ် ကလေးသူငယ်များ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီး ကလေး သူငယ်များ၏ အခွင့်အရေးလေးရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုး တိုးတက်ခွင့်၊ အကာအကွယ်ရရှိခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်စသည်တို့ကို အပြည့်အဝရရှိစေရန် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။ **တွံတေးသား**

*စာမျက်နှာ ၈ မှ*

ယင်းပြဋ္ဌာန်းခဲ့သည့် ဥပဒေအညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ အနေဖြင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းဆိုင်ရာ အကြံပြုချက်များအရ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် စတုတ္ထအကြိမ်ပြင်ဆင်ခဲ့ပါသည်။ ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနည်းဥပဒေကို ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ပါသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နှစ်အလိုက်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂–၂၀၂၅) ကို ရေးဆွဲ အကောင်အထည်ဖော်လျက် ရှိပါသည်။ ထို့ပြင် အများပြည်သူဆိုင်ရာ လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မြှင့်တင်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၇ ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit) များ ဖွဲ့စည်းထားပါသည်။

ထို့ပြင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်နိုင်ရန်အတွက် information and communication Technology–ICT အခြေပြု အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကို Short Code “1111” အသုံးပြုလျက်ရှိပါသည်။ ယင်း အစီအစဉ်ကို ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ထိုအစီအစဉ်တွင် အများပြည်သူကျယ်ပြန့်စွာ ပူးပေါင်း ပါဝင်လာစေရေး အသိပညာပေးမှုများ လုပ်ဆောင်လျက်ရှိပါသည်။

## ကျယ်ပြန့်သော လူထုပူးပေါင်းပါဝင်မှု

အဂတိလိုက်စားမှုသည် အဓိကအားဖြင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် လူတစ်ဦးချင်းစီမှ နိုင်ငံအဆင့်အထိ တဖြည်းဖြည်း လှိုက်စားတတ်သည် ဖြစ်ရာ အဂတိလိုက်စားမှုကို မသိကျိုးကျွန်ပြုခြင်း သို့မဟုတ် ကိုယ်တိုင်က တစ်နည်းနည်းနှင့် ပါဝင်ပတ်သက်ခြင်းသည် အုပ်ချုပ်မှုလုပ်ငန်းစဉ်ကို လည်းကောင်း၊ လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်ကို လည်းကောင်း ပျက်စီးထိခိုက်စေလျက် ရှိပါသည်။

အဂတိလိုက်စားမှုမဖြစ်စေရန် ကြိုတင်တားဆီးခြင်း သို့မဟုတ် ဥပဒေဖြင့် ထိန်းကျောင်းခြင်းဖြင့် အဂတိလိုက်စားမှုများကို လျှော့ချခြင်း၊ ပပျောက်စေခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သို့သော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လူတစ်ဦးတည်း၊ ဌာနတစ်ခုတည်း၊ အဖွဲ့အစည်း တစ်ခုတည်းဖြင့် လုပ်ဆောင်၍မရဘဲ အားလုံး စုပေါင်းတိုက်ဖျက်ကြမှသာ ထိရောက်သောရလဒ်ကို ရရှိနိုင်ပါသည်။

အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန် အားယူနေကြရသည့် နိုင်ငံများသည် အဂတိလိုက်စားမှုများကြောင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများကို ထိခိုက်စေလျက်ရှိပါသည်။ ထို့ပြင် ယင်းအဂတိလိုက်စားမှုများသည် ဆင်းရဲသူများကို ပိုမိုနစ်နာစေလျက်ရှိကြပြီး နိုင်ငံ၏ ဆင်းရဲမွဲတေမှုကို ပိုမိုနက်ရှိုင်းစေလျက်ရှိပါသည်။ အဂတိလိုက်စားမှုများ၏ နောက်ဆက်တွဲ အကျိုးဆက်ဖြစ်သည့် ဝင်ငွေမညီမျှမှု၊ လူတန်းစားကွာဟမှုနှင့် တရားဥပဒေစိုးမိုးရေး အားနည်းလာမှုတို့ကြောင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ရာ တစ်ဦးတစ်ယောက်တည်း၏ အဂတိလိုက်စားမှုသည် ထိခိုက်မှုများစွာ မရှိနိုင်ဟု ထင်မြင်ယူဆကောင်း ယူဆနိုင်သော်လည်း အဂတိလိုက်စားနေသူ တစ်ဦးချင်းများပြားလာသည်နှင့် စနစ်တကျ အဂတိလိုက်စားမှုအသွင်ဖြစ်လာပြီး တိုက်ရိုက်ဆိုးကျိုးများနှင့် သွယ်ဝိုက်သည့် ဘေးထွက်ဆိုးကျိုးများ ကျယ်ပြန့်လာမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ဥပဒေပိုင်းအရ အရေးယူမှုများလုပ်ဆောင်ကြရမည် ဖြစ်သကဲ့သို့ တစ်ဖက်တွင် အဂတိလိုက်စားမှုသည် ကျင့်ဝတ်ပိုင်းအရ အကျင့်စာရိတ္တပျက်ယွင်းမှုအဖြစ် ငယ်စဉ်ကပင် အသိပညာပေးသင်ကြားပေးကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် လတ်တလောဖြစ်စဉ်များအလိုက် အရေးယူခြင်း၊ အပြစ်ပေးခြင်းများအပြင် ရေရှည်အတွက်မူ အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေသည့် အရင်းခံအကြောင်းတရားများကို ဖြေရှင်းကြရမည် ဖြစ်ပါသည်။ ထိုသို့ ဖြေရှင်းရာတွင် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ လက်တွဲတိုက်ဖျက်ခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စေနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် “အဂတိလိုက်စားမှု တိုက်ဖျက်ဖို့ ကမ္ဘာ့တစ်ဝန်းစည်းလုံးစို့” ရည်မှန်းချက်နှင့်အညီ လူထုတစ်ရပ်လုံး၏ စုပေါင်းအားဖြင့် အဂတိလိုက်စားမှုကို စုပေါင်းတိုက်ဖျက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား–**

၁။ Early Detection of Fraud and Corruption in Public Procurement through Technology, World Bank, October 6, 2020

၂။ Corruption and Development Anti–Corruption Interventions for Poverty Reduction, Realization of the MDGs and Promoting Sustainable Development, UNDP, December 2008

၃။ https://www.unodc.org/unodc/en/anticorruptionday/index.html

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ(အလွတ်တန်း)မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်

**တောင်ဥက္ကလာပ ဒီဇင်ဘာ ၆**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (အလွတ်တန်း) မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် ပဒေသာအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီးဗန်တိုတိုက်ပြိုင်ပွဲ၊ အမျိုးသားဓား (၁) လက်တိုက်ပြိုင်ပွဲ၊ အမျိုးသားဗန်တို အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြပြီး မြန်မာ့သိုင်းသရုပ်ပြအဖွဲ့များမှ တစ်ဦးချင်း၊တစ်ကိုယ်တော် ပညာစဉ် ပြသခြင်း၊ ဓားနှစ်လက် အတိုက်စွမ်းရည်ပြသခြင်း၊ လှံရှည်စွမ်းရည်ပြသခြင်း၊ (၃+၁)ကိုယ်ခံ ပညာသရုပ်ပြသခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် မြန်မာ့သိုင်းသရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုငွေ ၂၀၀၀၀၀ကျပ်ကို သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်က လည်းကောင်း၊ ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ လှံရှည်၊ တုတ်ရှည် ပညာစဉ်ပြပြိုင်ပွဲ၊ တစ်ကိုယ်တော်ပညာစဉ်ပြ သရုပ်ပြပြိုင်ပွဲတို့တွင် အနိုင်ရရှိခဲ့သော အားကစား မောင်မယ်များကို တိုင်းဒေသကြီးဝန်ကြီးများနှင့် မြန်မာသိုင်းအဖွဲ့ချုပ်နာယကဆရာကြီး ဦးထိန်ဝင်း တို့ကလည်းကောင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း အကောင်းဆုံး အားကစားသမားဆုများကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်ကလည်းကောင်း၊ အမျိုးသား အသင်းအလိုက် ပထမဆုရ ကြည့်မြင်တိုင်မြို့နယ် အသင်း၊ အမျိုးသမီးအသင်းအလိုက် ပထမဆုရ မင်္ဂလာဒုံမြို့နယ်အသင်းတို့အား တံခွန်စိုက် ဒိုင်းဆု ဖလားနှင့် ငွေကျပ် ၄၀၀၀၀၀ တို့ကိုလည်းကောင်း၊ စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသည့် မင်္ဂလာဒုံ မြို့နယ် အသင်းအား ဆုဖလားနှင့် ဆုငွေကျပ်၅၀၀၀၀၀ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**အားကစားမြှင့်တင် စိတ်လန်းရွှင်၊ ဆန့်ကျင် မူးယစ်ဆေး။**

## ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲ၌ အားကစားနည်း ၃၈ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၆၀၈ မျိုး ထည့်သွင်းကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၃၈ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၆၀၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ရေကူး၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်နှင့် စနူကာ၊ ဘိုးလင်း၊ ကာယဗလ၊ စစ်တုရင်၊ စက်ဘီး၊ ခရစ်ကတ်၊ Dance Sports၊ ESports၊ ဓားရေး၊ Floorball၊ ဘောလုံး၊ ဂေါက်၊ ကျွမ်းဘား၊ ဟော်ကီ၊ Jet ski၊ ဂျူဒို၊ ကရာတေး၊ Martial Arts (ဂျူဂျစ်ဆု၊ Kun Bokator၊ Arnis၊ ကစ်ဘောက်ဆင်၊ ဗိုဗီနမ်၊ Kun Khmer၊ Obstacle Race၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း/ခြင်းလုံး၊ Soft Tennis၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ ရိုးရာလှေ၊ ဘော်လီဘော၊ အလေးမ၊ နပန်း၊ ဝူရှူးနှင့် Teqball ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။ ယင်းအားကစားနည်း ၃၈ မျိုး အနက် Teqball အားကစားနည်းကို သရုပ်ပြပြိုင်ပွဲအဖြစ်သာ ကျင်းပမည် ဖြစ်သောကြောင့် ကျန်အားကစားနည်း ၃၇ မျိုး တွင်သာ ဆုတံဆိပ်ချီးမြှင့်မည် ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပခြင်း ဖြစ်ပြီး အားကစားနည်းများစွာ ထည့်သွင်းကျင်းပရန် စီစဉ်ထားပြီး တိုက်ခိုက်ရေး အားကစားနည်းများကို Martial Arts ခေါင်းစဉ်အောက်တွင် ထည့်သွင်းကျင်းပမည်ဖြစ်သောကြောင့် အားကစားနည်း ၃၈ မျိုးသာ ရှိတော့ခြင်းဖြစ်သည်။

မြန်မာအားကစား အဖွဲ့များသည် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပြေးခုန်ပစ်၊ ဝူရှူး၊ လက်ဝှေ့နှင့် ဘော်လီဘောအသင်းတို့မှာမူ တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်လျက်ရှိသည်။

မြန်မာ အားကစားအဖွဲ့အနေဖြင့် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် (၃၁) ကြိမ်မြောက် ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲအပြီး တစ်လကျော်သာ အနားယူကာ လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး အားကစားနည်း ၂၀ ဝန်းကျင် ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားကြောင်း သိရသည်။

ရဲရင့်လွင်

# ကျန်းမာရေးအတွက် နည်းလမ်းကောင်းတစ်လက်

**ဟန် (ပညာရေး)**

**လူတို့သည် ကျန်းမာရေးကောင်းချင်ကြသည်။ အသက်ရှည်ချင်ကြသည်။ သို့သော် ကျန်းမာရေးကောင်းဖို့ အသက်ရှည်ဖို့အတွက် ကျန်းမာရေးနည်းလမ်းများကိုတော့လိုက်နာရန် မေ့လျော့နေတတ်ကြသည်၊ မကျန်းမာမှသာ ဆေးရုံ၊ ဆေးခန်း အပြေးအလွှားသွားကြသည်။ စစ်မဖြစ်မီက စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရသကဲ့သို့ လူတို့သည်လည်း ကျန်းမာရေးကောင်းစဉ်ကပင် ကျန်းမာရေးကိုယ်ခံအားကောင်းအောင် ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။ သို့မှသာ ကျန်းမာရေးမကောင်းလျှင် ကျရောက်လာသောရောဂါကို တွန်းလှန်ခုခံနိုင်စွမ်းရှိမည်ဖြစ်ပေသည်။**

### ကြိုတင်ပြင်ဆင်ထား

ကျန်းမာရေးကောင်းစဉ် ကြိုတင်ပြင်ဆင်ထားသင့်သော နည်းလမ်းများအနက် နံနက်စောစော လမ်းလျှောက်ပေးခြင်းသည် အကောင်းဆုံး နည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။ နံနက်စောစော လမ်းလျှောက်ပေးခြင်းဖြင့် မိုးသောက်နံနက်ခင်း၏ အေးမြသော အရသာကို ခံစားရင်း နံနက်ခင်း၏ သန့်ရှင်းလတ်ဆတ်သောလေကိုလည်း ရှူရှိုက်နိုင်ပါသည်။ နံနက်စောစော နေမထွက်မီအချိန် (သို့) နေထွက်ခါနီးအချိန် လမ်းလျှောက်ခြင်းသည် ပို၍ပင် ကောင်းမွန်ပါသည်။ နံနက်ခင်းနေရောင်ခြည်ကို ထိတွေ့လမ်းလျှောက်ခြင်းသည် ကိုယ်ခန္ဓာ ကျန်းမာရေးအတွက်လည်း ပို၍အထောက်အကူ ဖြစ်စေနိုင်ပါသည်။

တစ်ဖန်နံနက်စောစော လမ်းမလျှောက်မီ နာရီဝက် (သို့) တစ်နာရီခန့် တရားထိုင် ဝင်လေထွက်လေ ရှုမှတ်ပြီး လမ်းလျှောက်လျှင်သာ၍ပင် ကောင်းမွန်ပါသည်။ ကျွန်တော်သည် နေ့စဉ်နံနက် ၅ နာရီမှ ၆ နာရီအထိ တရားထိုင် ဝင်လေထွက်လေရှုမှတ်ပြီး ၇ နာရီ ပတ်ဝန်းကျင်အထိ လမ်းလျှောက်ထွက်ပါသည်။ လမ်းလျှောက်က ပြန်လာသောအခါမှာလည်း လက်ဖက်ရည်သောက် ပန်းကန်းထဲ လက်ဖက်စားဇွန်းဖြင့် ပျားရည် တစ်ဇွန်း၊ သံပရာရည်တစ်ဇွန်း၊ ရေနွေးဖြူ နှစ်ဇွန်းခန့် ရောမွှေပြီး သောက်လိုက်ပါသည်။

လမ်းမလျှောက်မီ တရားထိုင် ဝင်လေ ထွက်လေ ရှုမှတ်ခြင်းဖြင့် လမ်းလျှောက်ရာတွင် ပိုမိုသွက်လက် ပေါ့ပါးစေသည့်အပြင် စိတ်တည်ငြိမ်မှုကိုလည်း ရစေပါသည်။ ဝင်လေထွက်လေ ရှုမှတ်ခြင်းသည် လေကို ပုံမှန်ရှူသွင်းထုတ်လုပ်နေရသောကြောင့် နှလုံးကို ပိုမိုသန်မာစေသည့်အပြင် အဆုတ်ကိုလည်း အားကောင်းစေပါသည်။ သွေးလည်ပတ်မှုကောင်းပြီး အသားအရေ ကြည်လင်စိုပြည်စေသည်သာမက အာရုံစူးစိုက်မှု ပိုကောင်းပြီး မှတ်ဉာဏ်ကိုလည်း တိုးတက် ကောင်းမွန်စေပါသည်။ ထို့ပြင် ခန္ဓာကိုယ်ကိုလည်း အနားရစေပါသည်။



မုံရွာမြို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာပထမပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။

တိုင်းဒေသကြီး (ပြန်/ဆက်)

*** လမ်းလျှောက်ခြင်းကြောင့် ဦးနှောက်၏ လုပ်ဆောင်မှုကို အကျိုးသက်ရောက်စေသည့်အတွက် သူငယ်ပြန်ခြင်း၊ အယ်ဇိုင်းမားရောဂါနှင့် ဦးနှောက်သွေးကြောပြတ်ခြင်း စသည်တို့ကိုလည်း ကာကွယ်နိုင်ကြောင်း လေ့လာသိရှိရ**

### ဝင်လေထွက်လေ ရှုမှတ်

တရားထိုင် ဝင်လေထွက်လေ ရှုမှတ်ပြီးသော အခါ လမ်းလျှောက်ရန်အတွက် အိမ်အပြင်ကို ထွက်လိုက်သည်နှင့် စိတ်သည် ပေါ့ပါးလွတ်လပ်သွားသလို ခံစားရသည်။ လမ်းလျှောက်ရာတွင် လမ်းပေါ်ထွက်လျှောက်မှ မဟုတ်ပါ။ မိမိအနီးနားတွင် ရှိနေသော ဘောလုံးအားကစားကွင်း၊ ဂေါက်ရိုက်ကွင်းများ တွင်လည်း အဆင်ပြေလျှင် လျှောက်လို့ရနိုင်ပါသည်။ လမ်းလျှောက်ရာတွင် ပြေးခြင်းမဟုတ်ဘဲ ခပ်သွက်သွက်လျှောက်လျှင် ပိုကောင်းပါသည်။ လမ်းလျှောက်ခြင်းဖြင့် စိတ်ဓာတ်ကျမှုကင်းဝေးစေခြင်း၊ စိတ်ဖိစီးမှု လျော့ပါးစေခြင်း၊ စိတ်ချမ်းသာမှု၊ မိမိကိုယ်ကို ယုံကြည်စေမှု တိုးတက်စေသည့်အပြင် လုပ်ငန်းခွင်များတွင် တက်တက်ကြွကြွ လုပ်ကိုင်လိုစိတ်ရှိလာခြင်း၊ ပြင်ပလတ်ဆတ်သောလေကို ရှူရှိုက်ရသည့်အတွက် စိတ်ကြည်လင်လန်းဆန်းမှုကို ဖြစ်စေသည့်အပြင် သွေးအတွင်း အောက်ဆီဂျင်ကိုရသည့်အတွက် အဆုတ်ကို ပိုမိုအားကောင်းစေနိုင်ပါသည်။

ထို့ပြင် ညအခါမှာလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေခြင်း၊ နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ် ပေါ့ပါးသွက်လက်မှုကို ရစေသည့်အပြင် အရိုးအဆစ်များကိုလည်း ပိုမိုခိုင်မာစေနိုင်ပါသည်။ အရိုးကြီးပေါင်းနှင့် အဆစ်ရောင်နာကျင်ခြင်းများကိုလည်း လျော့ပါးစေနိုင်ပါသည်။ လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန် လျော့ကျစေပြီး အဆီထုကိုပါ လျော့ပါးသွားစေနိုင်ပါသည်။ ထို့ပြင် လမ်းလျှောက်ခြင်းကြောင့် ဦးနှောက်၏ လုပ်ဆောင်မှုကို အကျိုးသက်ရောက်စေသည့်အတွက် သူငယ်ပြန်ခြင်း၊ အယ်ဇိုင်းမားရောဂါနှင့် ဦးနှောက်သွေးကြောပြတ်ခြင်း စသည်တို့ကိုလည်း ကာကွယ်နိုင်ကြောင်း လေ့လာသိရှိရသည်။ အစာခြေစနစ်ကိုလည်း ကောင်းမွန်စေသည့်အပြင် သွေးကြောတိုင်းကိုလည်း သန်မာစေပါသည်။

### အထောက်အကူပေးနိုင်

ထို့ပြင် လမ်းလျှောက်ကအပြန် လက်ဖက်စားဇွန်းဖြင့် ပျားရည်တစ်ဇွန်း၊ သံပရာရည် တစ်ဇွန်း၊ ရေနွေးဖြူ နှစ်ဇွန်း ရောမွှေပြီး အစားအသောက်များ မစားမီ နေ့စဉ်ပုံမှန် သောက်သုံးပေးခြင်းဖြင့် ကျန်းမာရေးအတွက်များစွာ အထောက်အကူပေးနိုင်ပါသည်။ ဥပမာအဝလွန်ခြင်းနှလုံးနှင့် သွေးကြောအဆီပိတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးတိုးခြင်းတို့ကို ကာကွယ်ပေးနိုင်သည်ဟု ဆိုပါသည်။

ထို့ကြောင့် ကျန်းမာပြီး အသက်ရှည်ရှည်နေထိုင်လိုလျှင် ကျန်းမာရေးအတွက် အကောင်းဆုံး နည်းလမ်းကတော့ အရင်းအနှီးမများသည့် လေ့ကျင့်ခန်းတစ်ခုဖြစ်သည့် နေ့စဉ်နံနက်စောစော လမ်းလျှောက်သင့်ပါကြောင်း အကြံပြုရေးသား တိုက်တွန်းလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ကိုရီးယားနိုင်ငံ၏ အထောက်အပံ့ဖြင့် ပထမဆုံးတည်ထောင်သော ပရောဂျက်စင်တာဖွင့်လှစ်

**ရန်ကုန်   ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ KMPI Consortium Co.,Ltd၊ Insol M&T Co., Ltd တို့ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် ROK–ASEAN Joint XR Project: XR Convergence Sports Contents and Experience Center ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် ကျင်းပသည်။



ဦးစွာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီ က ROK–ASEAN Joint XR Project : XR Convergence Sports Contents and Experience Center in Myanmar Project သည် အာဆီယံနိုင်ငံများတွင် 2022 Korea–ASEAN Joint XR Projects အသစ် ကိုးခုတွင် ပါဝင်သော ပရောဂျက်များထဲမှ တစ်ခုဖြစ်ပြီး အောင်မြင်မှု ပရောဂျက်များထဲမှ တစ်ခုအနေဖြင့် Extended Reality – XR နည်းပညာဆိုင်ရာ အကြောင်းအရာများနှင့် နည်းပညာနယ်ပယ်တို့တွင် ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံတို့အကြား အပြန်အလှန် တိုးတက်မှုနှင့် ဖလှယ်မှုအတွက် အုတ်မြစ်ချရန် တည်ထောင်ခြင်းဖြစ်ကြောင်း။

ယနေ့ခေတ် မျိုးဆက်သစ် ကျောင်းသားလူငယ်တို့၏ နည်းပညာပိုင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုကို ပံ့ပိုးကူညီရန်နှင့် လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပညာရေးအသိုက်အဝန်းတွင် နည်းပညာပိုင်းဆိုင်ရာ အသိပညာများကို မြှင့်တင်ပေးနိုင်သော ROK–ASEAN XR Experience Center မှ အခွင့်အလမ်းများနှင့် အတွေ့အကြုံများစွာ ရရှိလာမည်ဖြစ်ရာ မြန်မာ–ကိုရီးယား နှစ်နိုင်ငံတို့အကြား အပြန်အလှန်ဖလှယ်မှုမှ တိုးတက်မှုအခွင့်အလမ်းများကို ယူဆောင်ပေးလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ Busan IT Industry Promotion Agency ၏ CEO ဖြစ်သော Mr. Jeong Mun Seob နှင့် KMPI Consortium Co., Ltd ၏ ဥက္ကဋ္ဌဖြစ်သူ Dr. Youn Shik Ha တို့က နှစ်နိုင်ငံ သတင်းအချက်အလက် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စောစန္ဒာအေး က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်မို့မို့ထွန်းက XR Experience Center နှင့်ပတ်သက်၍ လည်းကောင်း၊ KMPI Consortium Co., Ltd ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. John Lee က ROK – ASEAN XR Joint Project နှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Busan IT Industry Promotion Agency တို့အကြား ICT ပညာရပ်ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီမှုကို တာဝန်ရှိသူတို့က လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး XR Experience Center ပြသထားမှုအား လှည့်လည်ကြည့်ရှုကြသည်။ မြန်မာနိုင်ငံ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်တွင် ပထမဆုံးတည်ထောင်သော XR Convergence Sports Contents and Experience Center in Myanmar Project အား ကိုရီးယားသမ္မတနိုင်ငံ Busan IT Industrial Promotion Agency(BIPA) က ပံ့ပိုးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**
**ဓာတ်ပုံ – ကနူး**

# ကျင်စန်းကျော့ဂိတ်မှတစ်ဆင့် တရုတ်–မြန်မာ နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှု ပုံမှန်ဆောင်ရွက်လျက်ရှိ

**မူဆယ်   ဒီဇင်ဘာ ၆**

တရုတ်–မြန်မာနယ်စပ် မူဆယ်ဒေသအနီးတွင် မန်ဝိန်းဂိတ်၊ ရွှေနန်းတော်ဂိတ်၊ ဆင်ဖြူဂိတ်၊ ကျင်စန်းကျော့ဂိတ်နှင့် ဝမ်တိန်ဂိတ် စုစုပေါင်း ဂိတ်ငါးဂိတ်ရှိရာ နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှုအတွက် ကျင်စန်းကျော့ဂိတ်၌ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ကျန်လေးဂိတ်ကို တရုတ်နိုင်ငံဘက်မှ ရက်အကန့်အသတ်မရှိ ပိတ်ထားသည်။



ကျင်စန်းကျော့ဂိတ်အနီးရှိ ကားရပ်နားကွင်းတစ်ခုကို တွေ့ရစဉ်။

**နှစ်နိုင်ငံ သွင်းကုန်/ ပို့ကုန်အခြေအနေ**

တရုတ်နိုင်ငံဘက်မှ အထည်အလိပ်၊ ကုန်စုံ၊ ကြက်သွန်ဖြူ၊ အာလူး၊ သံထည်ပစ္စည်းအနည်းငယ်၊ ယာဉ်ယန္တရားအနည်းငယ်၊ ဆိုင်ကယ်အပိုပစ္စည်းအနည်းငယ်၊ လျှပ်စစ်ပစ္စည်းအနည်းငယ်နှင့် ဒေသထွက် သီးနှံအမျိုးမျိုး၊ ပန်းသီး၊ လိမ္မော်သီးများ နေ့စဉ်တင်သွင်းလျက်ရှိသည်။ အလားတူ မြန်မာဘက်မှ ပဲ၊ ပြောင်း၊ နှမ်းနှင့်ဆန်အပါအဝင် နန္ဒင်းတက်၊ မြေပဲ၊ ဖရဲ၊ သခွား ၊ ကြံနှင့် ငါးရှဉ့် စသည့်ကုန်ပစ္စည်းများကို နေ့စဉ်တင်ပို့လျက်ရှိကာ ကျင်စန်းကျော့ဂိတ်မှတစ်ဆင့် ယခုရက်ပိုင်းပို့ကုန်/သွင်းကုန် တဖြည်းဖြည်း ပြန်လည်များပြားလာကြောင်း သိရသည်။

ကျင်စန်းကျော့ဂိတ် ကုန်ကားအဝင်အထွက်နှင့် ပတ်သက်၍ “တရုတ်နယ်စပ် ကျင်စန်းကျော့အနီးမှာရှိတဲ့ ကားကွင်း၊ ရွှေလီရေးဗားကားကွင်း၊ ရွှေလွယ်အင်ကားကွင်း၊ မူဆယ်ကုန်သွယ်ရေးဇုန်ကားကွင်းနဲ့ နှင်းနှင်းခိုင် ညအိပ်ရပ်နားကွင်းတွေမှာ တရုတ်ထဲဝင်ဖို့အတွက် စောင့်နေရတဲ့ ကားတော်တော်များများ ရှိပါတယ်။ တရုတ်ဘက်က ကျင်စန်းကျော့ဂိတ် အဝင်အထွက် ပိုပြီးမြန်ဆန်အောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ နှစ်နိုင်ငံအတွက်ပိုပြီးအကျိုးရှိသလို ကုန်သွယ်ရေးဇုန်ကို အမှီပြုပြီး လုပ်ကိုင်စားသောက်နေတဲ့ သူတွေအားလုံး အဆင်ပြေကြမှာပါ” ဟု မန္တလေး –မူဆယ် ကားလမ်းပြေးဆွဲနေသည့် ကုန်ကားဆရာတစ်ဦးက ပြောသည်။

ကုန်သွယ်မှုမှာ မြန်မာဘက်မှ အသီးပေါ်ချိန်ဖြစ်သည့်အတွက် ဖရဲ၊ သခွားကားများ၊ ရေထွက်ကုန်နှင့် ကြံကား၊ ပြောင်းကားများကို တရုတ်ဘက်မှ အဓိကဦးစားပေးသွင်းနေသည့်အတွက် အခြားကုန်ပစ္စည်းအနည်းငယ်မျှသာ တရုတ်ထဲဝင်ရောက်နိုင်သည်။ ထို့ကြောင့် မူဆယ်နယ်စပ်တွင် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်ရန် ရက်အတော်ကြာစောင့်ဆိုင်းနေရသည့် ကုန်ကားများလည်းရှိကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# တီကျစ်မျိုးသန့်ခြံမှ နှစ်စဉ် နေကြာစိုက်ဧက ၇၀၀၀ ကျော်အတွက် မျိုးစေ့များ ထုတ်လုပ်ပေးနေ

**နောင်တရား   ဒီဇင်ဘာ ၆**

စားသုံးဆီ ဖူလုံရေးအတွက် ဆီနေကြာများကို တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး နေကြာစိုက်တောင်သူများအတွက် နေကြာမျိုးကောင်း မျိုးသန့်များကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တီကျစ်မျိုးသန့်ခြံမှ နေကြာစိုက်ပျိုး တောင်သူများအတွက် နေကြာမျိုးကောင်းမျိုးသန့် ဧက ၇၀၀၀ ကျော် နှစ်စဉ် ထုတ်လုပ် ပေးလျက်ရှိကြောင်း တီကျစ်မျိုးသန့် ခြံဦးစီးမှူးထံမှ သိရသည်။

“တီကျစ်မျိုးသန့်ခြံမှာ ဆီထွက်သီးနှံအဖြစ် ရေဆင်း(၁) စပ်မျိုးနေကြာကို မျိုးကောင်း မျိုးသန့်ရရှိဖို့ အဓိကထားပြီးစိုက်ပျိုးပါတယ်။ ရေဆင်း(၁) စပ်မျိုးနေကြာက အခြား သဘာဝ ဝတ်မှုန်ကူးတဲ့ နေကြာမျိုးထက် အထွက်နှုန်းနဲ့ ဆီထွက်နှုန်း ပိုကောင်းပါတယ်။ သဘာဝဝတ်မှုန်ကူးတဲ့ နေကြာမျိုးက မျိုးပြန်ယူလို့ရပြီး ရေဆင်း(၁) စပ်မျိုးနေကြာကတော့ မျိုးပြန်ယူလို့မရပါဘူး။ ရေဆင်း(၁) စပ်မျိုးနေကြာကို စိုက်ပျိုးခြင်းအားဖြင့် အထွက်နှုန်း တိုးတဲ့အတွက် နေကြာစိုက်တောင်သူတွေ အကျိုးအမြတ် ပိုမိုရရှိစေပါတယ်။ စိုက်ပျိုးရေးနည်းပညာ အသိပညာပေးခြင်း လုပ်ငန်းကို တစ်နှစ်သုံးကြိမ် ဆောင်ရွက်ပေးပါတယ်”ဟု တီကျစ်မျိုးသန့်ခြံမှ ခြံဦးစီးမှူး ဦးမြင့်ထွန်းက ပြောသည်။

စပ်မျိုးနေကြာစိုက်ပျိုးရာတွင် ထွန်ရေးညက်ပြီး မြေအစိုဓာတ်ကောင်းမွန်သည့် နေရာ၊ မျိုးစေ့ချရာတွင် အနက် နှစ်ပေခွဲ၊ ပင်ကြားနှစ်ပေ ကိုးလက်မ၊ မြေခံသဘာဝမြေဩဇာ လှည်းငါးစီး၊ ကွန်ပေါင်းဓာတ်မြေဩဇာ တစ်အိတ်၊ ၁၄ ရက်မှ ၁၅ ရက်သားတွင် ပင်သားခွဲခြင်း၊ ပေါင်းမြက်ကင်းစင်အောင် ရှင်းလင်းခြင်း၊ ပေါင်တင်ချိန်တွင် ပုလဲတစ်အိတ်နှင့် သဘာဝမြေဩဇာ ၁၀ အိတ်ရော၍ ထည့်ပေးခြင်း၊ ရွက်ဖျန်းအားဆေးများကို သုံးကြိမ်မှ ငါးကြိမ်အထိ ဖျန်းပေးခြင်း၊ ရက်ပေါင်း ၆၅ ရက်အတွင်း အစေ့အဆန် အောင်မြင်မှုများရန်အတွက် ဘိုရွန်ဖျန်းပေးခြင်း၊ ရက်ပေါင်း ၈၅ ရက်မှ ရက် ၉၀ အတွင်း နေကြာပင်များ ရင့်မှည့်လာပြီး ပွင့်ဖက်ခုံ သံပရာရောင်လိုက်လာပါက စတင်ရိတ်သိမ်းနိုင်သည်။ တစ်ဧကအတွက် နေကြာမျိုးစေ့ သုံးကီလို ဂရမ်လိုအပ်ပြီး အပင်ပေါင်း ၂၉၀၀၀ ခန့် စိုက်ပျိုးနိုင်သည်။ တစ်ဧကအထွက်နှုန်းမှာ တင်း ၄၀ မှ ၅၀ အထိ ထွက်ရှိနိုင်ပြီး တစ်ဧက ဆီထွက်နှုန်းမှာ ပိဿာ ၁၆၀ ထွက်ရှိကြောင်း သိရသည်။

တီကျစ်မျိုးသန့်ခြံမှ ဆီနေကြာမျိုးကောင်းမျိုးသန့် တစ်နှစ်အတွင်း နှစ်ကြိမ် ထုတ်လုပ်လျက်ရှိပြီး တစ်ကြိမ်တွင် ဧက ၇၀ မျိုးစေ့ ထုတ်လုပ်ကာ တစ်နှစ်အတွင်း နေကြာစိုက်ပျိုး တောင်သူများအတွက် ဧက၇၀၀၀ကျော် စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့များ ထုတ်လုပ်ပေးလျက် ရှိသည်။ ပင်လောင်းမြို့နယ်အတွင်း နေကြာ၊ ဆီမုန်ညင်း၊ နှမ်းလုံး၊ ပန်းနှမ်းနှင့် မြေပဲစသည့် ဆီထွက်သီးနှံများကို စိုက်ပျိုးကြပြီး နေကြာစိုက်ပျိုးမှုမှာ သက်တမ်းတိုသည့်အတွက် စိုက်ပျိုးရေးတောင်သူများ ပိုမိုစိတ်ဝင်စားကြကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**



## မြန်မာ့ပင်လယ်ပြင်အတွင်း စက်ပျက်မျောပါနေသော လှေငယ်တစ်စင်းကို တပ်မတော်(ရေ)မှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၅ ရက် နံနက် ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ထားဝယ်မြို့၏ အနောက်မြောက်ဘက် ရေမိုင် ၄၇ မိုင်ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း၌ လှေငယ်တစ်စင်း စက်ပျက်မျောပါနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ စက်ပျက်၍ မျောနေသည့် LONG ISLAND အမည်ရှိ လှေပေါ်ပါ လှေသား သုံးဦးနှင့် NORTIC ကုမ္ပဏီဝန်ထမ်း နှစ်ဦးတို့ကို တွေ့ရှိရသဖြင့် စစ်ရေယာဉ်ပေါ်သို့ တင်ဆောင်ကာ စက်ပျက်လှေအတွက် လိုအပ်သည့် စက်ပိုင်းဆိုင်ရာပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြင်ဦးလွင်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**ပြင်ဦးလွင် ဒီဇင်ဘာ ၆**

ပြင်ဦးလွင်မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းအမှတ် (၁ / ၂၀၂၂ ) သင်တန်းဖွင့်ပွဲကို ယမန်နေ့က ရပ်ကွက်ကြီး (၅) မြို့နယ်မီးသတ် ဦးစီးမှူးရုံးရှိ ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းကို ဒီဇင်ဘာ ၅ ရက်မှ ၃၀ရက်အထိ သင်တန်းပို့ချမည်ဖြစ်ပြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



## မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ပေါက်ချောင်းအလယ်စုကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးကို သတ်ဖြတ်ကာ ဆရာမ လေးဦးကို ဖမ်းဆီးခေါ်ဆောင်သွားပြီး သံဃာတော်တစ်ပါးကို သတ်ဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုအချို့အား လူထုအတွင်း အကြောက်တရားလွှမ်းမိုးစေရန်လည်းကောင်း၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ရိုးသားစွာဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ အလုပ်တာဝန်များ ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား လူအုပ်စုဖွဲ့၍ လက်နက်အားကိုးဖြင့် အတင်းအကျပ် CDM ပြုလုပ်စေပြီး CDM ပြုလုပ်ခြင်းမရှိသူ နိုင်ငံ့ဝန်ထမ်းများအားလည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အေးချမ်းစွာ နေထိုင်လျက်ရှိသောပြည်သူလူထုများအား “သူလျှို၊ သတင်းပေး၊ ဒလန်”ဟု စွပ်စွဲ၍လည်းကောင်း၊ ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ PDF အမည်ခံ အကြမ်းဖက်သမားများက တုတ်၊ ဓား၊ သေနတ်၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ အသုံးပြု၍ ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ရာ ယနေ့ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် ပေါက်မြို့နယ် ကူးကားကျေးရွာအုပ်စု ပေါက်ချောင်းအလယ်စုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်ကို သတ်ဖြတ်ပြီး ဆရာ ဆရာမ၊ ကျောင်းလုပ်သားတို့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး အဆိုပါကျေးရွာရှိ တောဇိန္နရာမကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒအား သတ်ဖြတ်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်ပါ ဆရာ လေးဦး၊ ဆရာမ ခြောက်ဦး၊ ကျောင်းလုပ်သား တစ်ဦးတို့မှာ သူငယ်တန်းမှ သတ္တမတန်းအထိ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမား တစ္ဆေ(ခ)အေးငြိမ်းဖြိုး ဦးဆောင်သော အင်အား ၂၀ ခန့်သည် ဆိုင်ကယ် ၁၀ စီးဖြင့် လက်နက်ကိုယ်စီကိုင်ဆောင် ရောက်ရှိလာပြီး ဆရာ ဆရာမများအား CDM မလုပ်သဖြင့် ခြိမ်းခြောက်ပြောဆိုကာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင် ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်တွင် သေနတ်ကျည်ထိမှန်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကာ ဆရာမများဖြစ်သည့် ပေါက်မြို့နယ် အောက်တံခွန်ရပ်ကွက်နေ ဒေါ်ချမ်းမြေ့သူ (၂၈)နှစ်၊ အောင်တော်မူရပ်ကွက်နေ ဒေါ်ငွေအိဝင်း(၂၈)နှစ်၊ ဆေးပင်ကြီးကျေးရွာနေ ဒေါ်နှင်းဆီ (၂၈)နှစ်နှင့် ဂန့်ဂေါမြို့နယ် မောက်လင်းကျေးရွာနေ ဒေါ်သီသီခိုင်(၂၃)နှစ်တို့ လေးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း။

ထို့နောက် အဆိုပါ PDF အကြမ်းဖက်အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပေါက်ချောင်းအလယ်စုကျေးရွာရှိ တောဇိန္နရာမကျောင်းတိုက်သို့ ရောက်ရှိလာပြီး ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ သက်တော်(၆၀)နှစ်၊ ဝါတော်(၃၇)ဝါအား အကြောင်းမဲ့ ရက်စက်စွာ သတ်ဖြတ်ခဲ့မှုကြောင့် ဆရာတော်သည် ဖြစ်စဉ်နေရာ၌ပင် ရရှိသောဒဏ်ရာများဖြင့် ပျံလွန်တော်မူသွားခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုများအား ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၆**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ယနေ့ညပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၈ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းလွန်-ပူဒူချယ်ရီနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။




**သတိပေးချက်**

အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၇၂ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ထိုင်းနိုင်ငံတောင်ပိုင်း၌ ရထားလမ်းဗုံးပေါက်ကွဲမှုကြောင့် သုံးဦးထက်မနည်းသေဆုံး၊ လေးဦးဒဏ်ရာရ

**ဘန်ကောက် ဒီဇင်ဘာ ၆**

ထိုင်းနိုင်ငံတောင်ပိုင်း ဆွန်ခလာပြည်နယ်ရှိ ရထားလမ်းတစ်ခု၌ ဒီဇင်ဘာ ၆ ရက် အစောပိုင်းက ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ သုံးဦးထက်မနည်း သေဆုံးပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းအစိုးရပိုင်မီးရထား (အက်စ်အာရ်တီ)၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၂၄ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတာဝန်ရှိသူများက ပြောသည်။ ထိုင်းနိုင်ငံ၌ ဒီဇင်ဘာ ၃ ရက်ကလည်း ရထားလမ်း ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး အိမ်နီးချင်း မလေးရှားနိုင်ငံသို့ ဦးတည်ခုတ်မောင်းနေသော ကုန်တင်ရထား အတွဲ ၂၀ ရှိသည့် အနက် ထက်ဝက်ကျော် လမ်းချော်ခဲ့ကြောင်း သိရသည်။ ယခုပေါက်ကွဲမှုကြောင့် အလုပ်သမားများ ပြုပြင်နေသည့် ရထားလမ်းပိုင်းတစ်ခု ထိခိုက်ပျက်စီးခဲ့ပြီး အက်စ်အာရ်တီ အရာရှိသုံးဦး သေဆုံးကာ အခြားလေးဦး အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ထိခိုက်ပျက်စီးခဲ့သည့် ရထားလမ်းပိုင်းသည် ဒီဇင်ဘာ ၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သော နေရာမှ မီတာ ၂၀၀ သာကွာဝေးကြောင်း သိရသည်။ ဗုံးရှင်းလင်းရေးအဖွဲ့နှင့် လုံခြုံရေးတာဝန်ရှိသူများသည် ဗုံးပေါက်ကွဲမှုဖြစ်ရပ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများနှင့် ဒုတိယအကြိမ် ဗုံးပေါက်ကွဲမှုတွင် ပါဝင်ပတ်သက်သူများကို စုံစမ်းမေးမြန်းလျက်ရှိသည်။

ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး ယခင်ပေါက်ကွဲမှုအတွင်း ကျန်ရှိနေသည့် ဗုံးလား သို့မဟုတ် တစ်နေရာတည်း၌ ရည်ရွယ်ချက်ရှိရှိ ဗုံးထောင်ထားခြင်းလား ဆိုသည်ကို အတည်မပြုနိုင်သေးကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



မီးရထားလမ်း ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ထိုင်းစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ လုံခြုံရေးတာဝန် ထမ်းဆောင်နေစဉ်။

# ကိုလံဘီယာနိုင်ငံ၌ မြေပြိုမှုဖြစ်ပွားရာမှ သေဆုံးသူ ၃၃ ဦးအထိတိုးလာ

**ဘိုဂိုတာ ဒီဇင်ဘာ ၆**

လွန်ခဲ့သော သီတင်းပတ်က ကိုလံဘီယာ အနောက်ပိုင်းရှိ အဝေးပြေးလမ်းတစ်လျှောက် မြေပြိုမှုတစ်ခု ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၃၃ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ကိုလံဘီယာ ပြည်ထဲရေးဝန်ကြီး အယ်လ်ဖွန်ဆိုပရာဒါက ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားလိုက်သည်။

ဒီဇင်ဘာ ၄ ရက်က ဖြစ်ပွားခဲ့သော မြေပြိုမှုသည် ကာလီမှ ခရီးသွားများကို တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးကို ဖုံးလွှမ်းသွားခဲ့ပြီး ကားတစ်စီးနှင့် ဆိုင်ကယ်တစ်စီးလည်း မြေများဖုံးလွှမ်းသွားခဲ့သည်။ ယခုအချိန်အထိ လူပေါင်း ၃၃ ဦးသေဆုံးခဲ့ကြောင်း၊ လူကိုးဦးကို အသက်ရှင်လျက်ကယ်တင်ခဲ့ကြောင်း၊ ၎င်းတို့ထဲမှ လေးဦးမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း ပရာဒါက ပြောသည်။

ကိုလံဘီယာ ဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရွှေ့ပြောင်းရေးနှင့် သယ်ယူပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ရဲဌာနများ၊ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်စလို လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ပြောသည်။ မြေပြိုမှုကြောင့် သက်ဆိုင်ရာ အာဏာပိုင်များက ရာသီဥတုဆက်စပ်ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန် နိုင်ငံတစ်ဝန်း ကြေညာချက်ထုတ်ပြန်ရန် စီစဉ်ခဲ့သည်။

**ဆင်ဟွာ**



# အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး ခုနစ်ဦး သေဆုံး

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၆**

အာဖဂန်နစ္စတန်နိုင်ငံ ဘာ့ခ်ပြည်နယ်မြောက်ပိုင်း မြို့တော် မာဇာရီရှာရစ်ဖ်၌ လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အလုပ်သမား ဘတ်စ်ကားတစ်စီးကို ထိမှန်ခဲ့ပြီး လမ်းသွားလမ်းလာ ခုနစ်ဦး သေဆုံးခဲ့ပြီး အခြားခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အာဆစ်ဖ်ဝါဆီရီက ပြောကြားလိုက်သည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားချိန်တွင် အလုပ်သမားများသည် ရုံးသို့ သွားနေချိန်ဖြစ်ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အသေးစိတ် အချက်အလက်များကို ထပ်မံအတည်ပြု ပြောကြားခြင်းမရှိသေးဘဲ အခင်းဖြစ်ပွားရာနေရာတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

တစ်ချိန်တည်းတွင် မျက်မြင်သက်သေတစ်ဦးက ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေသည် ဖော်ပြထားသည့် ပမာဏထက် ဆက်လက် တိုးလာနိုင်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါ တိုက်ခိုက်မှုသည် မည်သူ၏လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**




လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော နေရာများကိုတွေ့ရစဉ်။

# လက်ရှိဘဏ္ဍာနှစ် ပထမလေးလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေ မြင့်တက်လာ

**ဒါကာ ဒီဇင်ဘာ ၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေသည် လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဇူလိုင် ၂၀၂၂ - ဇွန် ၂၀၂၃) ၏ ပထမ လေးလအတွင်း ၄ ဒသမ ၆၉ ရာခိုင်နှုန်းရှိသည့်အတွက် တစ်နှစ်ထက်တစ်နှစ် အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၉ ဘီလီယံသို့ မြင့်တက်လာကြောင်း ဗဟိုဘဏ်၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်အရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သွင်းကုန်ငွေပေးချေမှုသည် လက်ရှိဘဏ္ဍာနှစ်၏ ဇူလိုင်လနှင့် အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၅၁ ဘီလီယံရှိပြီး ၆ ဒသမ ၇၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် အလားတူ ကာလအတွင်း ပို့ကုန်မှရရှိသည့် ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉၂ ဘီလီယံရှိသည့်အတွက် ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဘင်္ဂလားဒေ့ရှ်ဘဏ်(ဘီဘီ)၏ အချက်အလက်အရ သိရသည်။

ထို့အပြင် ယခင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (ဇူလိုင် ၂၀၂၁ - ဇွန် ၂၀၂၂) ဇူလိုင်လနှင့် အောက်တိုဘာလအတွင်း ပို့ကုန်ဝင်ငွေနှင့် သွင်းကုန်ငွေ ကွာဟချက်သည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၆ ဘီလီယံရှိကြောင်း ဘီဘီ၏ အချက်အလက်အရ သိရသည်။

လက်ရှိဘဏ္ဍာနှစ် ပထမလေးလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အလုံးစုံငွေလွှဲဝင်ရောက်မှုသည် ၂ ဒသမ ၀၃ ရာခိုင်နှုန်းရှိသည့်အတွက် တစ်နှစ်ထက် တစ်နှစ် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၉ ဘီလီယံအထိ မြင့်တက်လာသည်ဟု ဆိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေသည် ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်တွင်ဆုံးသော ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၌ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တိုက်ခိုက်ရေးလေယာဉ်နှစ်စင်း ဖိလစ်ပိုင်သို့ ဂျပန် စေလွှတ်

**တိုကျို ဒီဇင်ဘာ ၆**

ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် တိုက်ခိုက်ရေးဂျက်လေယာဉ်နှစ်စင်းကို ပထမဆုံးအကြိမ်အဖြစ် ဖိလစ်ပိုင်နိုင်ငံ သို့ စေလွှတ်ခဲ့သည်။ နှစ်နိုင်ငံသည် ၎င်းတို့၏ လုံခြုံရေးဆိုင်ရာ ဆက်ဆံရေးကို နက်ရှိုင်းစွာ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း လေတပ်အခြေစိုက်စခန်းမှ ပျံသန်းထွက်ခွာခဲ့သော အက်ဖ်-၁၅ ဂျက်လေယာဉ် နှစ်စင်းသည် လူဇုံကျွန်းရှိ ကလာ့ခ်လေတပ်အခြေစိုက်စခန်းသို့ ဒီဇင်ဘာ ၆ ရက်က ရောက်ရှိလာခဲ့သည်။

ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် ဖိလစ်ပိုင်လေတပ်တို့သည် လွန်ခဲ့သောနှစ်က ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို စတင်ဆောင်ရွက်ခဲ့သည်။ ယခုတစ်ကြိမ်တွင် အဆိုပါဂျက်လေယာဉ်နှစ်စင်းသည် လေ့ကျင့်မှုတွင် ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

ထို့အပြင် ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ လေကြောင်းစောင့်ကြည့်ရေဒါစနစ်ကို လွှဲပြောင်းပေးခဲ့သည်။

ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ဒုတိယဗိုလ်မှူးကြီး အရီဆာဝါရှုတာရိုက ဖိလစ်ပိုင်နိုင်ငံသည် ဂျပန်အတွက် ဘုံတန်ဖိုးများကို မျှဝေရန် အလွန်အရေးကြီးသော မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူစီးနင်းအသုံးပြုလျက်ရှိသည့် YBS ခရီးသည်တင်ယာဉ်များပေါ်၌ အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် ခရီးသွားပြည်သူများ သွားလာလှုပ်ရှားရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် တာဝန်ရှိသူများက YBS ခရီးသည်တင် ယာဉ်များအား မြို့နယ်အနှံ့ ပြေးဆွဲပေးလျက်ရှိသကဲ့သို့ မသမာသူလူအုပ်စုများ အနေဖြင့်လည်း အဆိုပါ YBS ခရီးသည်တင် ယာဉ်များအား စီးနင်းအသုံးပြုသည့် ခရီးသွားပြည်သူများအား လူအုပ်စုဖွဲ့ကာ ခါးပိုက်နှိုက်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ရွာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဒုစရိုက် ကျူးလွန်မှုများအား သတင်းဖော်ထုတ်ခြင်း၊ စောင့်ကြည့် စုံစမ်းဖမ်းဆီးခြင်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နေ့ညမပြတ် သတင်းဖော်ထုတ်၊ စောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ရာ YBS ယာဉ်များပေါ်၌ ခါးပိုက်နှိုက်မှုကျူးလွန်သူများသည် ပြစ်မှုကျူးလွန်ပြီးနောက် YGN 3H–4879 နံပါတ်တပ်ဆင်ထားသည့် TOYOTA Probox အဖြူရောင် အငှားယာဉ်ဖြင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း ဖော်ထုတ်သိရှိခဲ့ရသဖြင့် ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်လမ်းနှင့် ခရေပင်လမ်းဆုံ မီးပွိုင့်၊ ခရေပင်လမ်းနှင့် ဒညင်းကုန်း လမ်းဆုံမီးပွိုင့်တို့တွင် အဖွဲ့ငယ်များခွဲကာ သတင်းအရ စောင့်ဆိုင်းလျက်ရှိစဉ် နံနက် ၈ နာရီခွဲတွင် အဆိုပါယာဉ်အား ပြည်လမ်းနှင့် ခရေပင်လမ်းဆုံ မီးပွိုင့်၌ တွေ့ရှိစစ်ဆေးရာ ယာဉ်ပေါ်မှ ယာဉ်မောင်းနှင်သူ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၆၄)နေ ဘိုဘိုပြည့်(ခ) ကိုပြည့် (၃၂)နှစ် (ဘ)ဦးမြင့်ဦးနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ပဒုမ္မာလမ်းနေသူများဖြစ်သည့် ကိုကိုအောင်(ခ) ကိုအောင် (၃၂)နှစ် (ဘ) ဦးအောင်ညွန့်၊ စိုးပိုင်(ခ) ဗိုက်ပူ (၂၅)နှစ်၊ (ဘ)ဦးစစ်ငြိမ်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ (၁၉) ရပ်ကွက်၊ မိုင်းပွန်စော်ဘွားလမ်းနေ ခိုင်မင်းဦး (ခ) ဖိုးသား (၂၁)နှစ် (ဘ) ဦးစိန်မြ၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းကျေးရွာ၊ ထောင်ကျော်ရပ်ကွက်၊ ရွှေစံပါယ်လမ်းနေ ပြည့်ဖြိုးကို(ခ) ကုလား (၂၈)နှစ် (ဘ)ဦးမောင်ကို၊ ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ ပန်းခြံ (၂၆)၊ အောင်ချမ်းသာလမ်းနေ ညီညီ (၄၂)နှစ်တို့ ခြောက်ဦးကို ဖမ်းဆီးရမိခဲ့သည်။

တွေ့ရှိဖမ်းဆီးရမိသူများနှင့် မော်တော်ယာဉ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ ၎င်းတို့ ခါးပိုက်နှိုက်မှုများ ကျူးလွန်ခဲ့ရာမှ ရရှိခဲ့သည့် အလေးချိန် တစ်ပဲ လေးရွေးခန့်ရှိ မောင်းကွင်းပုံ ရွှေလက်စွပ်တစ်ကွင်း၊ လက်ကိုင်ဖုန်းမျိုးစုံ ရှစ်လုံးနှင့် ငွေစက္ကူရောရာ ၈၀၀၀၀ တို့အား ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့ခြောက်ဦးသည် ကိုကိုအောင်(ခ) ကိုအောင်၏ ဦးဆောင်မှုဖြင့် YBS ယာဉ်များပေါ်သို့တက်ကာ ခရီးသွားပြည်သူများထံမှ ငွေ၊ လက်ကိုင်ဖုန်းနှင့် တန်ဖိုးရှိပစ္စည်းများကို ခါးပိုက်နှိုက်မှုများ ကျူးလွန်ခဲ့ကြကြောင်း၊ ထိုသို့ ကျူးလွန်ရာတွင် ညီညီ၊ ခိုင်မင်းဦး(ခ)ဖိုးသားနှင့် ပြည့်ဖြိုးကို(ခ)ကုလားတို့က လူကာပေးပြီး ကိုကိုအောင် (ခ) ကိုအောင်နှင့် စိုးပိုင် (ခ)ဗိုက်ပူတို့က ခါးပိုက်နှိုက်ယူကာ ဘိုဘိုပြည့် (ခ) ကိုပြည့် မောင်းနှင်သည့် မော်တော်ယာဉ်ဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ခါးပိုက်နှိုက်မှုကျူးလွန်သူတရားခံ ခြောက်ဦးနှင့် ကျူးလွန်ရာမှ ရရှိသည့် အလေးချိန် တစ်ပဲ လေးရွေးခန့်ရှိ မောင်းကွင်းပုံ ရွှေလက်စွပ်တစ်ကွင်း၊ လက်ကိုင်ဖုန်းမျိုးစုံ ရှစ်လုံးနှင့် ငွေစက္ကူရောရာ ၈၀၀၀၀၊ ၎င်းတို့စီးနင်းအသုံးပြုခဲ့သည့် YGN 3H–4879 TOYOTA Probox တစ်စီးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ်နိုင်ရေး ဆောင်ရွက်ခဲ့မှုများကြောင့် ဖော်ထုတ် ဖမ်းဆီးရမိသည့် ခါးပိုက်နှိုက်မှုများ ပူးပေါင်းကျူးလွန်သူ တရားခံ ခြောက်ဦးကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး ဒုစရိုက်သမားများ၏ သတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိသည့် YBS ခရီးသည်တင်ယာဉ်များပေါ် အုပ်စုဖွဲ့ ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့ကြသည့် တရားခံများ၏ အခြေပြဇယား







ပြစ်မှုကျူးလွန်ပြီး တရားခံများ ထွက်ပြေးတိမ်းရှောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။



ဖြစ်စဉ်တွင် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



တရားခံ(ဝဲမှယာ) ကိုကိုအောင်(ခ)ကိုအောင်၊ စိုးပိုင်(ခ)ဗိုက်ပူ၊ ပြည့်ဖြိုးကို(ခ)ကုလား၊ ခိုင်မင်းဦး(ခ)ဖိုးသား၊ ဘိုဘိုပြည့်(ခ)ကိုပြည့်၊ ညီညီ။

# စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ တောင်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကို PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး



PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် မြောင်မြို့ တောင်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး။

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ တောင်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မြောင်မြို့ တောင်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မီးငြှိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

အကြမ်းဖက် သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းတစ်ထပ် အဆောက်အဦရုံးတစ်လုံး၊ အဆိုပါရုံးအတွင်း ထိန်းသိမ်းထားရှိသည့် သစ်သားဗီရို ငါးလုံး၊ သစ်သားစားပွဲ ၁၄ လုံး၊ ပလတ်စတစ်ထိုင်ခုံ ၂၀ ၊ ဖိုင်တင်စင် ၂၄ စင်၊ လျှပ်စစ်မီတာတစ်လုံး၊ ရုံးသုံးတယ်လီဖုန်းတစ်လုံး၊ ရုံးသုံးစာရွက်စာတမ်းများနှင့် ဖိုင်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ထိုသို့ နိုင်ငံတော်ပိုင်ရုံး၊ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေး လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၀၂,၆၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၃၄၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၈၇၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၁) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၁၀ | ၁၉၆၀ | ၁၉၅၀ | ၁၉၂၀ | ၁၉၅၅ | ၁၉၈၀ | ၁၉၆၅ | ၁၉၄၅ | ၂၀၃၅ | ၂၀၅၀ | ၁၉၅၀ | ၁၉၆၀ | ၁၉၉၅ | ၁၉၉၅ | ၁၉၉၅ | ၂၂၁၅ | ၂၉၂၀ |
| 95 Ron | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၆၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၀ | ၂၃၁၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၅ | ၂၃၅၅ | ၂၅၇၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၃၄၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၅ | ၂၃၉၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၆၅၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၃၄၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၅ | ၂၃၉၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၆၅၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၆ | ၁၈၈၆ |
| 95 Ron | ၁၉၀၉ | ၁၉၈၀ |
| HSD (500 ppm) | ၂၁၆၅ | ၂၂၃၈ |
| HSD (50 ppm) | ၂၂၃၉ | ၂၃၁၃ |
| HSD (10 ppm) | ၂၂၃၉ | ၂၃၁၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၆**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်ကုန်းရတနာ့မဥ္ဇူပရိယတ္တိစာသင်တိုက်၊ ပူတာအိုမြို့ရှိ မဟာဝန်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့ ဟိုရင်ဘုန်းတော်ကြီးကျောင်း၊ သီရိမင်္ဂလာအုတ်ကျောင်း၊ မိုင်းကိုင်မြို့ တပ်ဦးကျောင်း၊ မိုးနဲမြို့ ဝိဇ္ဇာရီယ ဘုန်းတော်ကြီးကျောင်း စာသင်တိုက်၊ မွန်ပြည်နယ် သထုံမြို့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ ကျီးမနီးတောရကျောင်း စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ ဇမ္ဗူအေးပရိယတ္တိ စာသင်တိုက်၊ လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာရှိ ရှမ်းချောင်းဇေတဝန်ကျောင်းတိုက်၊ မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ ပါရမီဖြည့်ကျောင်းတိုက်၊ လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာရှိ သဒ္ဓမ္မဇောတိကပရိယတ္တိ စာသင်တိုက် **(အပေါ်ယာပုံ)**၊ ဒလမြို့နယ် သမ္ဘာန်ချောင်းကျေးရွာရှိ ဇေယျသုခကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လိပ်ဥကုန်း (စံပြ)ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပညာတပ်ဦးဘုန်းတော်ကြီးကျောင်း၊ အမ်းမြို့ရှိ ငွေချန်တောင် ဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ ရတနာအောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်း၊ နန္ဒဝန်တပ်ဦး ဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ လယ်တီမဟာသရဏဂုံ ကျောင်းတိုက်၊ ရွှေဘိုမြို့ရှိ အောင်မြေကျော်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ္တမြားကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ် ဗောဓိကုန်း ရပ်ကွက် မဟာဗောဓိပင်ဘုရား ဘုန်းတော်ကြီးကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ပသာဒ ကျောင်းတိုက်၊ မြစ်သားမြို့နယ် ပေတောကျေးရွာ ပေတောဘုန်းတော်ကြီးကျောင်း၊ ချမ်းမြေ့ဂုဏ်ရည် မြင့်မြင့်ခင်သီလရှင် စာသင်တိုက်၊ ချမ်းမြသာယာ ရပ်ကွက် မဟာဝိဇိတာ ရာမ ကျောင်းတိုက်၊ ကံသာကျောင်း၊ မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာ ပေတောကျောင်းတိုက်၊ ပျော်ဘွယ်မြို့နယ် မင်းလမ်းကျေးရွာအုပ်စု ပေကုန်းကျေးရွာ ပေကုန်းကျောင်းသစ် ဘုန်းတော်ကြီးကျောင်း၊ မတ္တရာမြို့ အင်ကြင်းမြိုင်ကျေးရွာ အောင်မြေဓမ္မာမက ဘုန်းတော်ကြီးကျောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ မြိုင်ညိုညို ဘုန်းတော်ကြီးကျောင်း၊ ငဖဲမြို့နယ် ပန်းထိမ်းအုပ်စု ညောင်ကုန်းကျေးရွာ သိမ်ကုန်း ဘုန်းတော်ကြီးကျောင်း၊ ချောက်မြို့နယ် ဝိမုတ္တာရာသ (ရေစင်) တောရကျောင်းတိုက်၊ မင်းဘူးမြို့ နတ်စုတောင် သီလရှင်ကျောင်း၊ မင်းလှမြို့နယ် ဥယျာဉ်ကျေးရွာ သာသနာ့ဟိတ ကျောင်းတိုက်၊ တောင်တွင်းကြီးမြို့ ပြည်တော်အေး သီလရှင်စာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



**စားသောက်ဖွယ်ရာများလှူဒါန်း**

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာနှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဖန်ခါးမြေ ဘိုးဘွားရိပ်သာတို့မှ အဘိုး၊ အဘွားများအား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မန္တလေးတပ်နယ်နှင့် မကွေးတပ်နယ်တို့မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန



ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ (အမျိုးသား)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ -တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ (အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ပြီး မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U - 18 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U – 18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့်(၃)တို့၌ ဆက်လက်ကျင်းပကြသည်။

**အနိုင်ရရှိ**

ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ်(၁)၌ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၃) ၌ မကွေးတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို သုံးဂိုး – နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသည်။

**ကြည့်ရှုအားပေး**

ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၃ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ် (၁)၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝ ကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် – တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူကျွန်း ကျောင်းတိုက်နှင့် ဝဲကြီးကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ တိပိဋကာလင်္ကာရ သာမဏေကျော်ကျောင်းတိုက် (ယာပုံ)၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်ပါရမီပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရေတွင်းကုန်းကျောင်းတိုက်နှင့် လှိုင်မြို့နယ်ရှိ ရွာမကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယ ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံတိုက်သစ်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဆုကြီးပန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဘုံကျော်ကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဘုံပျံတောရစက်တော်ရာ ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သီရိမင်္ဂလာရွှေမန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မဟာဗောဓာရုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၉၀၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၇)ခရိုင်တို့မှ ဒေသခံပြည်သူ ၁၁၀၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အတွင်းရှိဒေသခံပြည်သူ ၁၀၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၃၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သတင်းရရှိသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးမရွာနေ အေးအေးနှင်းသည် ၎င်းအသုံးပြုသည့် “Aye Aye Hnin” Facebook အကောင့်၊ မွန်ပြည်နယ် ဘီးလင်းမြို့ ကန်သာယာရပ်ကွက်နေ ဇော်ဇော်အောင်သည် ၎င်းအသုံးပြုသည့် “Zaw Zaw Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**အရေးယူသွားမည်**

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကသာမြို့နယ် မြေနုကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၆ နာရီခန့်တွင် မြေနုကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာသို့အရောက်၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် မိမိဘက်မှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာအတွင်း မီးရှို့ဖျက်ဆီးပြီး ကျေးရွာအရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာအတွင်း နေအိမ် ၁၆၀ ရှိသည့်အနက် နေအိမ်အလုံး ၂၀ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ABSDF တံဆိပ်ပါ ယူနီဖောင်းဝတ်ဆင်ထား သည့် အကြမ်းဖက်သမားအလောင်းအချို့၊ အမ် ၂၂ သေနတ် တစ်လက်၊ ၎င်း ကျည် ၄၀ တောင့်၊ ကျည်အိမ်နှစ်ခုနှင့် အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက်လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြေနုကျေးရွာအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် မြေနုကျေးရွာပြပုံ




# ကသာမြို့နယ်၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာမှ အမျိုးသား တစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ဒီဇင်ဘာ ၅ ရက် ည ၇ နာရီခန့်က ကသာမြို့ လှျပ်စစ်ကုန်းရပ်ကွက်နေ မျိုးသူဇော် (၂၆)နှစ်သည် ဆိုင်ကယ်အား လမ်းမတော်လမ်းအတိုင်း မောင်းနှင်လာစဉ် ပတ္တမြားရပ်ကွက် “ခိုင်မြဲဟိန်း” စားသောက်ဆိုင်ရှေ့အရောက်၌ မျက်နှာချင်းဆိုင်မှ ပတ္တမြားရပ်ကွက်နေ ဝင်းဇော်ဦး (၄၉) နှစ် မောင်းနှင်လာသော ဆိုင်ကယ်နှင့် တိုက်မိခဲ့သည်။

ဖြစ်စဉ်တွင် ဝင်းဇော်ဦးနှင့် မျိုးသူဇော်တွင် ဒဏ်ရာများရရှိသဖြင့် ကသာ မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် ဝင်းဇော်ဦးမှာ ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သောကြောင့် ၎င်းတို့အား ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

ဒီဇင်ဘာ ၉ ရက်မှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာပါ။ ခရိုအေးရှားနဲ့ ဘရာဇီး၊ နယ်သာလန်နဲ့ အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကြပါမယ်။

## ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်

| ၉-၁၂-၂၀၂၂ | | သောကြာနေ့ |
|---|---|---|
| ခရိုအေးရှား | - ဘရာဇီး | ည ၉း၃၀ |
| နယ်သာလန် | - အာဂျင်တီးနား | နံနက် ၁း၃၀ |

# ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

## လင်းလက်ကြယ်





### ခရိုအေးရှား VS ဘရာဇီးအသင်းအခြေအနေ

ခရိုအေးရှား - ၁၆ သင်းအဆင့်မှာ ဂျပန်အသင်းကို ခက်ခက်ခဲခဲ ကစားခဲ့ရတယ်။ အပိုင်အခွင့်အရေးတွေကို တိုက်စစ်ပိုင်းက ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်း အားနည်းတယ်။

ဘရာဇီး - ထက်မြက်မှု၊ သွက်လက်မှု၊ လျင်မြန်မှုနဲ့ ချိတ်ဆက်ကစားမှုပိုင်းမှာ သေသပ်တာကြောင့် ပြိုင်ဘက်ကို ထိန်းချုပ်ကစားနိုင်စွမ်းရှိတယ်။

သုံးသပ်ချက် - ခရိုအေးရှားအသင်းက မိုဒရစ်၊ ပါရီဆစ်၊ ကိုဗာဆစ်တို့ရဲ့ ရှုန်းအားနဲ့ ကွာတားဖိုင်နယ်တက်လှမ်းလာပေမယ့် မြင့်မားတဲ့စွမ်းဆောင်ရည်မျိုး ထုတ်ပြနိုင်စွမ်းမရှိသေးဘူး။ ပြိုင်ဘက် ဘရာဇီးအသင်းမှာ ခံစစ်ကအစ၊ တိုက်စစ်အဆုံး ထိပ်တန်းအဆင့်ကစားသမားတွေရှိပြီး အချိန်မရွေး ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းရှိတယ်။ ခရိုအေးရှားက ပုံမှန်ထက်ထူးခြားတဲ့ ခြေစွမ်းမပြသနိုင်ရင် ဘရာဇီး အောင်ပွဲခံမယ်။

### ခရိုအေးရှားနဲ့ ဘရာဇီးအသင်း ထိပ်တိုက်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ဘရာဇီး | ၂-၀ | ခရိုအေးရှား | ခြေစမ်းပွဲ |
| ဘရာဇီး | ၃-၁ | ခရိုအေးရှား | ကမ္ဘာ့ဖလား |
| ဘရာဇီး | ၁-၀ | ခရိုအေးရှား | ကမ္ဘာ့ဖလား |

### ခရိုအေးရှားအသင်း

**အုပ်စုတွင်း ကျော်ဖြတ်မှု**

မော်ရိုကို ၀-၀ ခရိုအေးရှား
ခရိုအေးရှား ၄-၁ ကနေဒါ
ခရိုအေးရှား ၀-၀ ဘယ်လ်ဂျီယံ

**၁၆ သင်းအဆင့် ကျော်ဖြတ်မှု**

ဂျပန် ၁-၁ ခရိုအေးရှား

● ပယ်နယ်တီအဆုံးအဖြတ်တွင် ခရိုအေးရှားအနိုင်ရ

### ဘရာဇီးအသင်း

**အုပ်စုတွင်း ကျော်ဖြတ်မှု**

ဘရာဇီး ၂-၀ ဆားဘီးယား
ဘရာဇီး ၁-၀ ဆွစ်ဇာလန်
ကင်မရွန်း ၁-၀ ဘရာဇီး

**၁၆ သင်းအဆင့် ကျော်ဖြတ်မှု**

ဘရာဇီး ၄-၁ တောင်ကိုရီးယား





### နယ်သာလန် VS အာဂျင်တီးနားအသင်းအခြေအနေ

နယ်သာလန် - ၁၆ သင်းအဆင့် အမေရိကန်အသင်းနဲ့ ပွဲစဉ်မှာ ရှုန်းကန်ခဲ့ရပြီး ရရှိလာတဲ့အခွင့်အရေးတွေကို ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းရှိပေမယ့် ထက်မြက်မှုနဲ့ လျင်မြန်မှုမှာ လိုအပ်ချက်ရှိတာ တွေ့ရတယ်။

အာဂျင်တီးနား - အဖွင့်ပွဲစဉ်မှာ အမှတ်မထင်ရှုံးနိမ့်ခဲ့ပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ မက်ဆီခြေစွမ်းပြမှုနဲ့အတူ ပုံမှန်ခြေစွမ်းပြန်ရလာတယ်။

သုံးသပ်ချက် - ကစားထားတဲ့ ခြေစွမ်းကိုကြည့်ရင် နှစ်သင်းကြားခြေစွမ်းက သိသိသာသာကွာခြားခြင်း မရှိဘူး။ ဒါပေမယ့် မက်ဆီရဲ့ ကြိုးစားအားထုတ်မှုကြောင့် တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာတဲ့ အာဂျင်တီးနားအသင်းကို ကျော်ဖြတ်ဖို့ဆိုရင် နယ်သာလန်အသင်းအနေနဲ့ ယခင်ပွဲစဉ်တွေ ခြေစွမ်းပြသနိုင်မှုထက် သာလွန်မှသာ ဖြစ်နိုင်ဖွယ်ရာရှိတယ်။

### နယ်သာလန်နဲ့ အာဂျင်တီးနားအသင်း ထိပ်တိုက်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| နယ်သာလန် | ၀-၀ | အာဂျင်တီးနား | ကမ္ဘာ့ဖလား |
| နယ်သာလန် | ၀-၀ | အာဂျင်တီးနား | ကမ္ဘာ့ဖလား |
| နယ်သာလန် | ၁-၀ | အာဂျင်တီးနား | ခြေစမ်းပွဲ |

### နယ်သာလန်အသင်း

**အုပ်စုတွင်း ကျော်ဖြတ်မှု**

ဆီနီဂေါ ၀-၂ နယ်သာလန်
နယ်သာလန် ၁-၁ အီကွေဒေါ
နယ်သာလန် ၂-၀ ကာတာ

**၁၆ သင်းအဆင့် ကျော်ဖြတ်မှု**

နယ်သာလန် ၃-၁ အမေရိကန်

### အာဂျင်တီးနားအသင်း

**အုပ်စုတွင်း ကျော်ဖြတ်မှု**

အာဂျင်တီးနား ၀-၂ ဆော်ဒီအာရေဗျ
အာဂျင်တီးနား ၂-၀ မက္ကဆီကို
ပိုလန် ၀-၂ အာဂျင်တီးနား

**၁၆ သင်းအဆင့် ကျော်ဖြတ်မှု**

အာဂျင်တီးနား၂-၁ ဩစတြေးလျ

### ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုးအများဆုံး သွင်းယူထားသူများ

| စဉ် | အမည် | အသင်း | ဂိုး | ဂိုးထောက်ပံ့မှု | ကစားထားသည့်ပွဲ | ဂိုးကန်သွင်းမှု |
|---|---|---|---|---|---|---|
| ၁။ | အမ်ဘာပီ | ပြင်သစ် | ၅ | ၂ | ၄ | ၁၅ |
| ၂။ | မက်ဆီ | အာဂျင်တီးနား | ၃ | ၁ | ၄ | ၁၇ |
| ၃။ | မိုရာတာ | စပိန် | ၃ | ၁ | ၃ | ၆ |

❖ *ကျောဖုံးမှ*

တောင်ကိုရီးယားအသင်းက ရလဒ်ကောင်းရရှိရေး ပြင်ဆင်လာခဲ့သော်လည်း ဘရာဇီးအသင်း၏ ကျစ်လျစ်သည့် ခံစစ်နှင့် ထက်မြက်သည့် တိုက်စစ်ကြောင့် ပွဲချိန် ၇ မိနစ်တွင်ပင် ဗင်နီစီးယပ်စ်၏ အဖွင့်ဂိုးကို ခွင့်ပြုပေးခဲ့ရသည်။

ဘရာဇီးအသင်းတိုက်စစ်က ရာဖင်ညာ၊ ရစ်ချတ်လီဆန်၊ နေမာနှင့် ဗင်နီစီးယပ်စ်တို့ အချိတ်အဆက်မိမိဖြင့် လျင်လျင်မြန်မြန် ထိုးဖောက်ကစားပုံအောက် ပုံစံကောင်းပျောက်ဆုံးခဲ့သည့် တောင်ကိုရီးယားအသင်း သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။ ဘရာဇီးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၁၃ မိနစ်တွင် နေမာက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပြီး တတိယဂိုးနှင့် စတုတ္ထဂိုးကို ပွဲချိန် ၂၉ မိနစ်နှင့် ၃၆ မိနစ်တို့တွင် ရစ်ချတ်လီဆန်နှင့် ပါကွီတာတို့က သွင်းယူပေးခဲ့သည်။

တောင်ကိုရီးယား အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် ရရှိခဲ့ပြီး ပတ်ဆောင်ဟိုက သွင်းယူပေးခဲ့သည်။

ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တွင် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ဇော်ဇော်**



## စပိန်ကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ရပြီး မော်ရိုကိုအသင်း ကွာတားဖိုင်နယ်တက်

ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ မော်ရိုကိုနှင့် စပိန်အသင်းတို့ ပွဲစဉ်ကို ဒီဇင်ဘာ ၆ ရက် ည ၉ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်တွင် မော်ရိုကိုအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ မော်ရိုကိုအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။

စပိန်အသင်းသည် မော်ရိုကိုအသင်းကို ပွဲချိန်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို တိုက်စစ်ကစားသမားများ ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။ ယခုပွဲစဉ်တွင် စပိန်အသင်းက အိုလ်မို၊ အေဆန်စီယို၊ တောရက်စ်၊ ဂါဗီစသည့် အဓိက ကစားသမားများ အသုံးပြုလာခဲ့သော်လည်း မော်ရိုကိုအသင်း၏ တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် ပွဲချိန်မိနစ် ၉၀ အတွင်း သရေကျနေခဲ့သည့်အတွက် အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရသည်။

ယခုပွဲစဉ် အနိုင်ရရှိခဲ့သောမော်ရိုကိုအသင်းသည် ပေါ်တူဂီနှင့် ဆွစ်ဇာလန်အသင်းတို့ထဲမှ အနိုင်ရရှိလာမည့် အသင်းနှင့် ကွာတားဖိုင်နယ်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **အောင်ဇော်**

## တောင်ကိုရီးယားအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြအဖြစ်မှ ဘန်တို နုတ်ထွက်

တောင်ကိုရီးယားအသင်းနည်းပြ ပေါ်လို ဘန်တိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၆ သင်းအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ကြောင်း ပြောကြားလိုက်သည်။

၎င်း၏ တောင်ကိုရီးယားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် ဘရာဇီးကို လေးဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။ အသက် ၅၃ နှစ်အရွယ် ပေါ်တူဂီလူမျိုးနည်းပြသည် ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် တောင်ကိုရီးယားအသင်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသူဖြစ်သည်။

တောင်ကိုရီးယားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် နည်းပြဘန်တို၏ မိခင်နိုင်ငံ ပေါ်တူဂီအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိကာ အုပ်စုဒုတိယဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။ **အောင်ဇော်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁၂-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ တောဖျက်သုတ်၊အဠာနာသုဏ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** ထူးထူးခြားခြားတည်ကာထား ရွှေမန်းမြေမှကျောက်စိမ်းဘုရား
**၀၉:၁၀** နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
**၁၁:၃၀** ရွှေဖယ်စုံလင်အာဆီယံအစီအစဉ်
**၁၂:၃၀** 2022 World Cup Highlight(17)
**၁၂:၃၅** MRTV National News
**၁၃:၀၀** မိုင်းဖုန်းဆရာတော်ဘုရားကြီး အရှည်ဝါသိ အဂ္ဂမဟာကမ္မဋ္ဌာနစရိယဘဒ္ဒန္တဥာဂဏာသံဝရ၏ (၁)နှစ်(၁)လ(၁)ရက် အဓိဋ္ဌာန်ပြည့်ဝအောင်းထွက်အောင်ပွဲအခမ်းအနားမှတ်တမ်းအစီအစဉ်
**၁၄:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အမှုန်း" (အပိုင်း-၁၉)
**၁၅:၁၀** "ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်များ"
**၁၆:၃၅** အသိပညာနှင့်အမှန်တရား "ဥ ဂဏ်ရည်ငါးမျိုး"
**၁၇:၃၅** ခေတ်အလိုက်ကြေးမုံပြင်
**၁၇:၃၀** ဆန်းသစ်တီထွင်မှုနှင့်လူငယ်စွန့်ဦးတီထွင်မှုမှသည် မဲခေါင်-လန်ချန်းဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုဆီ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** နိပါတ်တော်လာဇာတ်သဘင်မဟာ "မဟောသဓာသားတရားစီရင်ခန်း"
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အမှုန်း" (အပိုင်း-၄၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** 2022 World Cup Highlight(17)
**၂၁:၀၅** (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) (ဝါသနာရှင် (ပထမတန်း)အဆင့်) (ဒုတိယဆု) ရာမယဏဇာတ်တော်ကြီး (သီရိရာမအဖွဲ့) (ရန်ကုန်တိုင်းဒေသကြီး)

**mitv**

**07:01** Evergreen Classic: Dhamma Settkyar (Nan Sandi)
**07:12** Lest We Forget Great Gratitude Of Parents:
**07:40** Let's taste Sabuti
**07:47** Kay Tu Mar Lar The Decision
**08:01** News
**08:26** Welcome to the 10th ASEAN QUIZ (Myanmar)
**08:39** Tour Around in Myeik Archipelago (Epi-1) Bailey and Smart Islands
**09:01** The Art of Sand Painting
**09:11** Don Min Artist
**09:30** 19 Hours
**09:55** Golden Mandalay Hill
**10:01** News
**10:27** Topical Topics (No. 11)
**10:34** Family of Toys
**10:54** Dances of Myanmar: Gaybar Kayin Traditional Dance

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဖလမ်းမြို့နှင့် Fred
**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းပြည်နယ်၏အလှအပများ
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
အောင်မြင်ဖြစ်ထွန်းနေသည့်မော်လမြိုင်ကျွဲကော
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ပုစွန်တက်နဲ့ဟင်းခပေါင်းသီးကြော်
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ပဒုမ္မာကြာသက်န်း
**'ဝ' (၁၄:၀၀ မှ ၁၆:၀၀)**
ကြက်သွန်းဖြူနှင့်ကျန်းမာရေး
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကချင်ရိုးရာတဆေးနှင့်ခေါင်ရည်ပြုလုပ်ပုံ
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကျွန်တော့်ဦးထုပ်ဘယ်မှာပျောက်သွားတာလဲ(ပုံပြင်)
**စကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ထွန်းတောက်လာသောကြယ်တစ်ပွင့်
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂို (အပိုင်း-၃)
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
နည်းမှန်စိုက်ပျိုးဝင်ငွေတိုးသခွားစိုက်ပျိုးနည်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၁၀** အားကစားသတင်း
**၀၈:၁၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** ဆန်းသစ်တီထွင်မှုနှင့်လူငယ်စွန့်ဦးတီထွင်မှုမှသည် မဲခေါင်-လန်ချန်းဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုဆီ
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၁၅** "ကာတာကမ္ဘာ့ဖလား" (Highlights)
**၁၂:၁၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၅:၄၅** "ကာတာကမ္ဘာ့ဖလား" (ပွဲကြိုသုံးသပ်ချက်)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ဒါဏ်"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၁၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း (၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
**၁၁:၁၀** "အတွေးအမြင်" အပိုင်း (၂)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
**၀၇:၅၀** နှင်းဆီဝါ
**၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလု
**၀၈:၅၅** သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာမှ အိုးလုပ်ငန်း
**၀၉:၂၅** ဆောင်းသီးနှံပြပွဲမှသည်တောင်သူများဆီသို့
**၀၉:၄၅** အရည်အသွေးကောင်းကော်ဖီရရန်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၁၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၁၅:၂၀** World Cup Hightlight/ ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# ဝန်ထမ်းများအားလုံး အချင်းချင်း ချစ်ခင်ရင်းနှီးစေရေး မြိတ်တက္ကသိုလ် မိသားစုညစာစားပွဲကျင်းပ



မြိတ် ဒီဇင်ဘာ ၆

မြိတ်တက္ကသိုလ်မိသားစု ညစာစားပွဲအခမ်းအနားကို မြိတ်တက္ကသိုလ် ပင်မဆောင်ရင်ပြင်၌ ဒီဇင်ဘာ ၅ ရက် ညနေပိုင်းက ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဝင်းဝင်းသန်းက ညစာစားပွဲကျင်းပရခြင်းမှာ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မြိတ်တက္ကသိုလ် ဘက်ပေါင်းစုံမှ တိုးတက်ရေးအတွက် ပိုင်းဝန်း ဆောင်ရွက်ကြရန်၊ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရာတွင် များပြားလှသော သဘာဝဝန်းကျင်ကို ပျက်သုဉ်းမှုမရှိဘဲ အသုံးချနိုင်သော တက္ကသိုလ်ကြီးတစ်ခုဖြစ်စေရန်၊ မြိတ်တက္ကသိုလ် သင်ကြား၊ စီမံ ဝန်ထမ်းများအားလုံး အချင်းချင်း ချစ်ခင်ရင်းနှီးစေရန်၊ စည်းလုံးညီညွတ်ပြီး အထက်အောက် အပြန်အလှန် လေးစားစေရန်နှင့် လုပ်ငန်းများအားလုံး ပွင့်လင်းမြင်သာစွာဖြင့် စုပေါင်း ဆောင်ရွက်မှုရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက မိမိတို့တက္ကသိုလ်အတွင်း တိုးတက်ရေးကိစ္စများကို ဆွေးနွေးတင်ပြကြပြီး ညစာကို အတူတကွ သုံးဆောင်ကြကာ တေးဂီတ ဖျော်ဖြေခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်းများ စုံလင်စွာဖြင့် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသည်။

ယင်းအခမ်းအနားသို့ မြိတ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူးများ)၊ ပါမောက္ခများ၊ စီမံ/ဘဏ္ဍာ(ဌာနမှူး)၊ သင်တန်းရေးရာ (ဌာနမှူး)၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ စုစုပေါင်း ၃၇၅ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

ကောင်းကောင်း (မြိတ်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၁၂ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၀၉၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၀၈၇၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၇၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၇၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၀ ကျပ် | ၂၄၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၆၅ ကျပ် | ၂၀၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၀၄ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၄၇ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၉ . ၉၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၃၅ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၇ . ၇၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၀ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၄၂၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၉၃၂ | ၈၃၆၁၂၀၀ |
| MTSH | ၃၃၅၀ | ၃၄၀၀ | ၁၁၆၀ | ၃၈၄၁၅၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅၄ | ၄၁၅၈၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၉၅၀ | ၁၈၀၆၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၆၅၀ | ၁၀၅ | ၂၈၃၃၀၀ |
| AHP | ၄၈၀၀ | ၄၈၀၀ | ၅ | ၂၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/1698 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အမှတ် ၃၅၊ ရပ်ကွက်ကြီး (၈)၊ ဥဿာမြို့သစ်၊ မြေတိုင်း ၂၄၊ မြို့ရှောင်လမ်းနေ (ဘ)ဦးတင်ဦး၏သမီးဖြစ်သူ ဒေါ်ခင်မေသင်း ၁၂/ဥကတ(နိုင်)၀၆၀၉၄၇ ကိုင်ဆောင်သူ၏ မြေ အကျယ် အဝန်းပေ (၄၀x၆၀)ရှိ မြေကွက်၏ မြေပေးစလစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေပေးစလစ်မိတ္တူမှန်လျှောက်ထားရန် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေသင်း ၁၂/ဥကတ(နိုင်)၀၆၀၉၄၇**

**အမည်မှန်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ရမ်းသစ်ချောင်ကျေးရွာနေ (ဘ) ဦးမြင့်ရွှေ၏ သား နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ၁၁/ရဗန(နိုင်)၁၁၂၄၁၈ ကိုင်ဆောင်သူ မောင်ဟိဏ်းလင်းကို ၏ အမည်မှန်မှာ **မောင်ဟိန်းလင်းကို** ဖြစ်ပါကြောင်း။ **မောင်ဟိန်းလင်းကို**

# သံတွဲမြို့နယ် ကြက်စားချောင်-ဒေါင်းပြင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**သံတွဲ ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကြက်စားချောင်- ဒေါင်းပြင် ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သာနို့အေးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါကျေးရွာချင်းဆက်လမ်းသည် အရှည် ၀/၄ ဒသမ ၄၇ မိုင်နှင့် အကျယ် ၁၄ ပေ ရှိပြီး ပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၄ ဒသမ ၀၅၆ သန်းဖြင့် ပြည့်ဝနဒီ ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် ကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **စန္ဒာကြည်(ပြန်/ဆက်)**



## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်- ၅၊ နည်းဥပဒေ-၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၆

| | |
|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် **နှင့်** | ၁။ ဦးရှိုင်းမောင်မောင် |
| (ဇမ္ဗူသီရိဘဏ်ခွဲ) | ၂။ ဆန္ဒဘုန်းပြည့်မိသားစု |
| (ယခင်နေပြည်တော်စည်ပင် | ကုမ္ပဏီလီမိတက်(ခ) |
| ဘဏ်လီမိတက်) | ဆန္ဒဘုန်းပြည့်မြန်မာ |
| (ယင်းကိုယ်စားဒုကြီးကြပ်ရေးမှူး | ဂရုအော့ဖ်ကုမ္ပဏီလီမိတက် |
| ဒေါ်မေသင်းခိုင်) | ၃။ ဦးပြည့်လင်းအောင် |
| **တရားလို** | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်း(၃) လမ်း၊ ပထမထပ်၊ အမှတ်(၇)နေ (၁)တရားပြိုင် ဦးရှိုင်းမောင်မောင် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အငှားဝယ်စနစ်ဖြင့်ဝယ်ယူရာတွင် စိုက်ထုတ်ပေးချေထားသောငွေနှင့် နောက်ကျကြေးငွေနှင့် အတိုးငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ရက် (၁၃၈၄ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် တင်ပြလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်စန်းမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ အကွက်အမှတ် (အောင်စေတနာတိုးချဲ့)၊ ဦးပိုင်အမှတ်(A/၃၄၃)၊ ဧရိယာ ၀ ဒသမ ၂၄၇ ဧက၊ ဦးပိုင်အမှတ် (A/၃၅၂)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကအား ဒေါ်လွဲ့ယဉ်ဝင်းခိုင် ၁၃/လရန (နိုင်)၁၂၁၂၆၃ အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ်(A/၂၉၅)ကေ အား ဦးသန်းမြင့်ဇော် ၅/ရဘန (နိုင်) ၁၄၉၀၁၂အမည်ဖြင့်လည်းကောင်း မြေငှားဂရန်အသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

## ဒေါ်ခင်ဆုဆုသော် ၁၂/တကန(နိုင်)၁၁၂၂၉၈ သိရှိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အိန္ဒုကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၇၀)၊ တောင်ကွင်း(၂)၊ ဦးပိုင်အမှတ်N-၁၄(လယ်မြေ)၊ မြေဧရိယာ(၃ဒသမ၁၀)ဧကနှင့် ကွင်းအမှတ်(၁၁၇၀)၊ တောင်ကွင်း(၂)၊ ဦးပိုင်အမှတ် ၁၉(လယ်မြေ)၊ ဧရိယာ(၃ဒသမ၀၂)ဧကဟုခေါ်တွင်သော မြေကွက်နှစ်ကွက်တို့ကို ဒေါ်ခင်ဆုဆုသော်ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မြင့် ၁၂/အစန(နိုင်)၁၇၀၇၆၆သည် ငွေအပြေအကြေပေးချေ၍ အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါသည်။

ထိုသို့ဝယ်ယူခဲ့သဖြင့် ဝယ်ယူခဲ့သည့်မြေကွက်နှစ်ကွက်ကို လက်ရောက်ရယူခဲ့ပြီး ခြံစောင့်လည်းထားရှိခဲ့ပါသည်။ ၎င်းအပြင် မြေကွက်နှင့်ပတ်သက်သော လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)လက်မှတ်မူရင်း နှစ်စောင်ကိုလည်း ဝယ်ယူသူမှ လက်ရောက်ရရှိထားပြီးလည်းဖြစ်ပါသည်။

အထက်ပါရောင်းချပြီးသော မြေကွက်နှစ်ကွက်ကို ဒေါ်ခင်ဆုဆုသော်သည် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ဝယ်ယူသူကျွန်ုပ်မိတ်ဆွေ အမည်ပေါက် ပုံစံ(၇)ရရှိသည့်အထိ လိုက်ပါဆောင်ရွက်ပေးပါမည်ဟု ကတိပြုပြောဆိုခဲ့သော်လည်း လက်တွေ့တွင် ဆောင်ရွက်ပေးခြင်းလုံးဝမရှိခဲ့ပါ။ ၎င်းနောက် ဒေါ်ခင်ဆုဆုသော်သည် ၎င်းဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် စရိတ်ပေးရန် တောင်းဆိုခဲ့သဖြင့် ၎င်းလာရောက်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည့် စရိတ်စကများကိုလည်း လွှဲပေးခဲ့ပြီးဖြစ်ပါသည်။ သို့သော် ယနေ့အချိန်ထိ ဒေါ်ခင်ဆုဆုသော်သည် ကျွန်ုပ်မိတ်ဆွေကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးခြင်းမရှိသည့်အပြင် ကျွန်ုပ်မိတ်ဆွေ အမည်ပေါက် ပုံစံ(၇)ရရှိအောင် ဆောင်ရွက်ပေးခြင်းမရှိခဲ့ကြောင်း သိရှိရပါသည်။ ၎င်းအပြင် ကျွန်ုပ်မိတ်ဆွေမှ ဖုန်းဆက်အကြောင်းကြားသော်လည်းဖုန်းမကိုင်တော့ပါ။ Message ပို့သော်လည်း အကြောင်းမပြန်ကြားတော့ပါ။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ဆက်သွယ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းအပြင် ဝယ်ယူသူလက်ရောက်ရရှိပြီးဖြစ်သော အထက်ပါမြေကွက်အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ကျူးကျော်ဝင်ရောက်ခြင်း မပြုရန်လည်း တားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက ရာဇဝတ်ကြောင်းအရ မလွှဲမသွေ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ထပ်လောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထွန်း(B.A(LAW), LL.B)** | **ဒေါ်မြတ်သန္တာငြိမ်း(LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၂၂၉၃)** | **(စဉ်-၁၁၅၈၈)** |

**အမှတ်(၃၆)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၄၃၇၆၅၊ ၀၉-၄၂၁၀၈၇၀၄၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၅

| | | |
|---|---|---|
| ဦးရန်ဆီး | **နှင့်** | ဦးကြည်စိန် |
| **တရားလို** | | **တရားပြိုင်** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၂)၊ အကွက်အမှတ် (၃၉) နေ တရားပြိုင် ဦးကြည်စိန် (ယခုနေ ရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရန်ဆီးက အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ဦးအေးကို ၁၃/တကန(နိုင်)၀၇၉၂၅၄ နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မျက်ဝင်းရပ်ကွက်၊ ၃၈-၃၉/၈၁-၈၂လမ်း၊ အိမ်အမှတ် (၅၂၈) နေ ဦးစိန်လှိုင်၏ သမီးဖြစ်သူ ဒေါ်သန်းမြင့် ၉/မရတ (နိုင်)၀၆၅၄၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်သည်မှာ-

၁။ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ အောင်စကြာလမ်း၊ အမှတ် ၂၁၉၊ ဂရန်အမှတ် ၅၀၄/၁၉၉၉-၂၉)၊ ဦးပိုင်အမှတ် (F-4)၊ မြေကွက်အမှတ် (18/2)၊ ဧရိယာ ၀ဒသမ ၀၆၁ ဧကရှိ မြေကွက်ဥပစာကို တောင်ကြီးမြို့၊ တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပေးသော မြေငှားဂရန် အမှုတွဲအမှတ် ၅၀၄/၁၉၉၉-၂၉ အရ နှစ်(၃၀) အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးအေးကို (ဘ)ဦးထွန်းရ ၁၃/တကန(နိုင်)၀၇၉၂၅၄ ထံမှ ၁၀-၃-၂၀၁၁ရက်စွဲပါ အိမ်၊ ခြံမြေ အရောင်းအဝယ်နှစ်ဦးသဘောတူ ကတိစာချုပ်အရ ဒေါ်သန်းမြင့် ၉/မရတ(နိုင်)၀၆၅၄၆၀ က လွှဲပြောင်းဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါ၍ အရောင်းအဝယ်အတွက် တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်နိုင်ရန် ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် အကြောင်းကြားတောင်းဆိုလိုက်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဦးအေးကို ၁၃/တကန(နိုင်)၀၇၉၂၅၄ အနေဖြင့် ဤအသိပေးကြေညာစာပါရှိသည့်ရက်မှ ၁၅ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်နိုင်ရန်အတွက် ကျွန်ုပ်ထံသို့ မပျက်မကွက်(မပျက်မကွက်) လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် အကယ်၍ပျက်ကွက်ခဲ့ပါက သက်ဆိုင်ရာရုံးတော်များတွင် ဥပဒေနှင့်အညီ လိုအပ်သလိုတရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းထက် LL.B**
**(အထက်တန်းရှေ့နေ) စဉ်-၅၂၅၆၀(၂၇-၄-၂၀၂၀)**
**အမှတ် -၀မ/၁၉၃၊ ရတနာလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၂၆၅၁၀၅၆၉၆၊ ၀၉-၆၉၆၃၀၈၄၉၀**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်းကြေညာခြင်း

မကွေးမြို့၊ ရန်မျိုးနိုင် (၅)လမ်းနေ ဦးအောင်သိန်းငွေ၏သား ဦးကျော်သူ ၉/ကပတ(နိုင်)၀၈၂၁၁၁ သည် ဇနီးဖြစ်သူ ကျွန်မ ဒေါ်သန်းသန်းဆွေ ၁၄/ဟသတ(နိုင်)၀၈၁၃၀၅ အား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိသားစုဂုဏ်သိက္ခာကျဆင်းသည့်ကိစ္စကို ပြုလုပ်ပြီး ၎င်းဆန္ဒဖြင့် နေအိမ်မှ (၂၆-၁၁-၂၀၂၂)ရက်နေ့တွင် ဆင်းသွားပါသဖြင့် ဦးကျော်သူနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ ကျွန်မ ဒေါ်သန်းသန်းဆွေ အနေဖြင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဆွေ**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးအေးအောင် ၈/နမန(နိုင်)၂၁၀၆၉၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**၀၉-၄၀၈၈၆၆၆၂၆**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဆန်းအေး (၈/နမန (နိုင်) ၂၁၀၇၃၆ ၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **၀၉-၄၀၈၈၆၆၆၂၆**

# မြန်မာဂေါက်သီးရိုက်အသင်းသားများ သိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၊ ၉ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့တွင် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲအား ဒီဇင်ဘာ ၁၅ရက်၊ ၁၆ ရက်၌ Veteran ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၇ရက်တွင် Gold, Silver, Bronze ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် ဒီဇင်ဘာ ၁၈ရက် တနင်္ဂနွေနေ့တွင် ဂေါက်သီးကစားခြင်းနှင့် ပတ်သက်သော ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ညနေပိုင်းတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပမည်ဖြစ်၍ ညှော်ခံကျွေးမွေးရေးနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ပါသည်။ အသင်းသား/သူ မိသားစုများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့် ယခုပြိုင်ပွဲအား ကူညီပံ့ပိုးလိုသော အဖွဲ့အစည်းကုမ္ပဏီများရှိပါက မြန်မာဂေါက်သီးရိုက်အသင်းစီမံရေးရာရုံး ဖုန်း-၀၉-၄၂၀၁၆၁၉၄၁၊ ၀၉-၄၂၀၇၄၃၀၁၆၊ ၀၉-၄၂၈၀၃၇၁၂၈ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် အထောက်အပံ့ပေးရန်အတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းများကို ဝယ်ယူနိုင်ရန် အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။

| | | |
|---|---|---|
| | LL.B, W.I.P.O (Switzer Land) | LL.B,W.I.P.O (Switzer Land) |
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**ရန်အောင်(၁)၊ မကျီးတောရပ်၊ နေပြည်တော်၊ ပျဉ်းမနားမြို့**
**ဖုန်း–၀၉– ၄၂၀၇၆၅၀၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ အကွက်အမှတ်(ကွင်းပြင်ပ)၊ ဦးပိုင်(၁၇)၊ ဧရိယာ ၀ ဒသမ ၅၀ ကေရှိမြေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်အမှတ်(၆၂/၂၀၁၉)အရ ဒေါ်အိအိသိန်း ၁၃/သပန (နိုင်)၀၀၀၃၇၂မှ သီးနှံကိုဒေါင်ဆောက်လုပ်ရန်ခွင့်ပြုမိန့်ရရှိပြီးဖြစ်၍ စက်မှုစီးပွားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း(၂၀)အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် ပ–၃၃၅၃၆ကို အမည်ပေါက် ဦးစိုးအောင် (ဘ)ဦးလှသိန်း K/RGN–၀၃၇၃၂၂ (ကွယ်လွန်)၏ အမွေခံညီမဖြစ်သူ ဒေါ်သန်းသန်းဌေး(ဘ)ဦးလှသိန်း ၁၂/မဂတ(နိုင်) ၀၅၇၄၉၇ အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် ဒေါ်သန်းသန်းဌေး၏ အထွေထွေကိုယ်စားလှယ်ဖြစ်သူ ဒေါ်နန်းဖြူဖြူပွင့်(ဘ)ဦးသန်းရှိန် ၁၂/လမန(နိုင်)၁၀၉၇၁၃ မှ ရန်ကုန်မြို့ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၆၈၀/၂၁–၁၀–၂၀၂၂) (မိတ္တူ)၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ် (မိတ္တူ)၊ မြေပေးစလစ်(မူရင်း)၊ မြေကွက်ဖိုးသွင်းချလန်(မိတ္တူ)ဒေါ်သန်းသန်းဌေး၏ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန် (မူရင်း) တို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၀၃၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ကေရှိ ဒေါ်နန်းအေးမြအောင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အားအမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြတ်သီတာအေး (ဘ)ဦးတင်ရွှေ ၅/မရန(နိုင်)၀၀၀၃၃၁ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၅၁၉/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီးဦးအောင်ဇော်မင်း(ဘ)ဦးစံတင် ၁၀/ပမန(နိုင်)၀၉၈၁၇၀ နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း–၁၊ ဦးပိုင်/မြေကွက်အမှတ်(၈၁/၃၄၉)၊ ဧရိယာ၀ဒသမ ၀၅၅ကေရှိ ဦးစိုးနိုင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၈၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသန့်ဇင်အောင် ၉/ပမန(နိုင်) ၁၉၁၉၈၃ မှ နှစ်(၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်မြတ်သီဟန်သိမ့် ၇/ပမန (နိုင်)၁၄၀၄၂၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁က)၊ ဦးပိုင်အမှတ်(၇)၊ မြေဧရိယာ ၀ ဒသမ ၃၃၁ကေရှိမြေကွက်ကို မူလကဦးမောင်ဝင်း အမည်ဖြင့် ၁၁–၁၂–၂၀၁၁ ရက်ထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ ၁၅–၉–၂၀၁၆ ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၃၂၈/၂၀၁၆)အရ ဦးပိုင်(၇/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၈၅ ကေ အပိုင်းကို ဦးမောင်ဝင်းထံမှ ဒေါ်လက်ချီမာဒေဗီ အမည်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်လက်ချီမာဒေဗီ ၁/မကန(နိုင်)၁၁၃၇၅၅ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ၊အမည်ပြောင်းရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၇–ရပ်ကွက်၊ မြို့မငြိမ်း(၂)လမ်း၊ အမှတ်– ၁၀၅၉/က၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေအကွက်အမှတ်(၁၀၅၉/က))၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန် မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မြို့မြေစာရင်းတွင် ဦးထွန်းမြင့်အမည်ပေါက်ပိုင်ဆိုင်သော နှစ်(၆၀)ဂရန် မြေကွက်ဖြစ်ပါသည်။ ၎င်းထံမှ အထူးကိုယ်စားလှယ်စာရရှိသူ ဦးဝင်းနိုင်၇/ဝမန (နိုင်)၀၅၂၉၁၉ က ရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်ထားသူထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာပါပြီးသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လှလှခိုင် (စဉ်–၂၃၃၈၀)**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၉)၊ (၃၅)လမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၀၄၉၃၇၆၊ ၀၉–၅၁၄၉၇၆၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၄ ကေရှိ ဦးကျော်မြင့် ၉/သပဘ(နိုင်) ၀၁၄၃၀၀(ဘ) ဦးအောင်ကြည် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ–၃၁၄၇၅)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၉၃/၂၀၁၉(၂၅–၁–၂၀၁၉) ဖြင့်မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူဒေါ်လှလှ ၇/ရတရ(နိုင်) ၀၈၄၉၄၄ (ဘ) ဦးခင်မောင်မှ ဦးမျိုးမင်းထွေး ၇/ရတရ(နိုင်)၁၁၁၂၈၈ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/62777 Luojia 125 M/C ယာဉ်လက်ဝယ်ရှိသူ Su Htar San Co.,Ltd. က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/4121 TVS 200 (200 CC) Three Wheel (3x2) ယာဉ်လက်ဝယ်ရှိသူ Good Brother's Co.,Ltd. က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲခြင်း ကိစ္စအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Makro Chemical မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးများကို ကုန်သွယ်မှုအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | မူလကုန်သွယ်မှုအမည် | ကုန်သွယ်မှုအမည်အသစ် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|
| 1 | Herbi Nut | G-Power | Imazethapyr 10% SL | Full | F 2022 - 3496 |

သို့ဖြစ်ပါ၍ အဆိုပါကုန်သွယ်မှုအမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လိပ်စာ - Golden Key Co., Ltd.
အမှတ် ၂၅၈-၂၆၂, ၁၁လွှာ, CLASSIC STRAND CONDO,
ကမ်းနားလမ်း, ပန်းဘဲတန်းမြို့နယ်, ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၁၆၂၉၊

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ ၆၈x၆၉ လမ်းကြား၊ ၃၈x၃၉လမ်းကြားနေ ဒေါ်ပြည့်ဖြိုးဝေ (ဘ)ဦးတင်မောင်ဝင်း ၉/ခမစ(နိုင်)၀၁၂၈၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာလိုက်ပါသည်-

ကျွန်ုပ်တို့၏ အမှုသည် သည် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် “Amara Pyae” အမည်ဖြင့် Facebook Account တစ်ခုတည်းသာ သုံးစွဲလျက်ရှိပါသည်။

အများသုံးလူမှုကွန်ရက်ဖြစ်သော Facebook Account, Instagram, Twitter, Tiktok များတွင် အမည်မသိအကောင့်ပိုင်ရှင်များက ကျွန်ုပ်တို့အမှုသည်၏ ဂုဏ်သိက္ခာကျဆင်းညှိုးနွမ်းစေရန်၊ အသရေပျက်စီးစေရန် ကြံရွယ်ချက်ဖြင့် ကျွန်ုပ်တို့အမှုသည်၏ ဓာတ်ပုံများကိုအသုံးပြု၍ မဟုတ်မမှန်ဓာတ်ပုံများ၊ ဗီဒီယိုများပြုလုပ်ဖန်တီး လုပ်ဆောင်နေသည့်အပြင် ကျွန်ုပ်တို့အမှုသည်၏ ဓာတ်ပုံကိုယူ၍ အခြားအကောင့်အမည်တပ်ကာ Facebook Profile ထားပြီး ညစ်ညမ်းသော ရေးသားချက်များရေးခြင်းစသည်ဖြင့် လူမှုကွန်ရက် (Social Media)များပေါ်တွင် ဖြန့်ဝေလျက်ရှိကြောင်း သိရှိရပါသည်။ ထိုဖြန့်ဝေဖော်ပြချက်များတွင် Comment ဝင်ရောက်ရေးသားခြင်း၊ တစ်ဆင့်ပြန်လည် Share ခြင်းများ ပြုလုပ်နေကြသည်ကိုလည်းတွေ့ရှိရပါသည်။

ထိုမမှန်မကန် ဖန်တီးရေးသားဖြန့်ဝေထားသော ဓာတ်ပုံများ၊ ဗီဒီယိုများကို ယခုကြေညာသည့်ရက်မှစ၍ သုံးရက်အတွင်း ဖျက်သိမ်းရုပ်သိမ်းရန် သတိပေးလိုက်ပါသည်။ ဖျက်သိမ်းရုပ်သိမ်းခြင်းမပြုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| လွှဲအပ်သူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ပြည့်ဖြိုးဝေ | ဦးညီညီအောင်(LL.B) |
| ၉/ခမစ(နိုင်)၀၁၂၈၁၄ | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၉) |
| | ဦးသာထက်လင်း(အထက်တန်းရှေ့နေ) |
| | (စဉ်-၅၄၂၄၄) |
| | အမှတ်(က-၂၃၉)၊ ၃၃x၃၄ကြား၊ ၅၇x၅၈ကြား၊ |
| | ရွှေယဉ်မွှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |
| | ဖုန်း-၀၉-၂၅၆၂၃၆၀၀၃ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် KCN-4721 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်တာ ၁/မညန(နိုင်)၀၆၄၀၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိုးညှင်း)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 18W/ 24758 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အဥ္စလီ ၉/ကဆန(နိုင်)၁၄၆၉၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

## အမည်ပြောင်း

ပုသိမ်မြို့၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ကြည်သာ ကျေးရွာနေ (ဘ)ဦးတင်အေး၏ သမီး မသင်းသင်းအောင် ၁၄/ပသရ(နိုင်)၁၁၅၀၈၂ အား စောနန်းဖြူ ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။

**စောနန်းဖြူ**
**၁၄/ပသရ(နိုင်)၁၁၅၀၈၂**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စကာဝါ (၄) လမ်း၊ အမှတ်(၁၃၈)နေ ဒေါ်သန္တာစိုး ၁၂/ဥကမ(နိုင်)၂၁၁၁၄၃သည် အောက်တွင်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၅-၁၂-၂၀၂၂ရက်တွင် တရားဝင်မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်-

**မှတ်ပုံတင်စာချုပ်အမှတ်(၄/၁၀၁၀၃/၂၀၂၂)(ရက်စွဲ ၅-၁၂-၂၀၂၂)ရက်**

အထက်ဖော်ပြပါ "ရွှေပြည်တောင်း"ဟူသော လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားကို ဆန်နှင့်ဆီ လက်လီလက်ကား ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများတွင် အသုံးပြုမည့်အပြင် ယင်းအမှတ်တံဆိပ်အမှတ်အသားကို အရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးပြုလုပ်ပြီးလျှင် ကပ်နိုင်၊ ရိုက်နှိပ်၊ ဖိနှိပ်အသားတံဆိပ်ပြုလုပ်၍သော်လည်းကောင်း၊ စတစ်ကာများပြုလုပ်၍သော်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံစံအား ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးတစ်ယောက်မှ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အတုအပပြုလုပ်ခြင်း မပြုလုပ်ကြရန် အသိပေးတားမြစ်အပ်ပါသည်။ အထက်ပါသတိပေးချက်အား လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တည်ဆဲဥပဒေနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားချက်မှန်ကန်ပါသည်။ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်သန္တာစိုး | ဦးနေနွယ်အောင် (LL.B) |
| ၁၂/ဥကမ(နိုင်)၂၁၁၁၄၃ | အထက်တန်းရှေ့နေ(စဉ်-၅၀၂၂၈) |
| | ဖုန်း-၀၉-၄၂၇၇၈၈၇၇၈ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/74969 Luojia 110M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုကိုအောင် ၁၂/ခရန(နိုင်)၀၈၁၅၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/ 24758 Super Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Eastern Utopia Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ထွက်ရှိလာသော လုပ်ငန်းသုံးဘေးထွက်ပစ္စည်း သတင်းစာစက္ကူ(ရိုက်ပျက်/ဖြူပျက်) ၅ ဒသမ ၉၁၅တန်ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်ဈေးနှုန်း လေလံခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) ရောင်းချမည့်ပစ္စည်းအမျိုးအစားများ | - | Finland နိုင်ငံထုတ် News Print paper 48.8 gsmအမျိုးအစား |
| (၁) ရိုက်ပျက် | - | ၅.၁၁၈တန် |
| (၂) စက်မတင်မီပျက်(ဖြူပျက်) | - | ၀.၇၉၇တန် |
| (ခ) တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂၆-၁၂-၂၀၂၂ရက် |
| (ဂ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ | - | မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၇၀နှင့်၇၁လမ်းကြား |
| (ဃ) တင်ဒါနောက်ဆုံးတင်သွင်းရန် ရက်နှင့်အချိန် | - | ၉-၁-၂၀၂၃ရက်၊ (၁၆:၃၀)နာရီ |
| (င) တင်ဒါရွေးချယ်မည့် ရက်နှင့်အချိန် | - | ၁၂-၁-၂၀၂၃ရက်၊ (၉:၀၀)နာရီ |
| (စ) တင်ဒါရွေးချယ်မည့်နေရာ | - | မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ (၆)ထပ်ဆောင်အစည်းအဝေးခန်းမ |
| (ဆ) တင်ဒါလျှောက်လွှာတစ်စုံ ရောင်းချဈေးနှုန်း | - | ကျပ်၂၀၀၀/- |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၀၅၉၇၇၅၊ ၀၉-၂၀၀၀၅၀၄၊ ၀၂-၂၈၄၇၃၉၈တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၆

| | | |
|---|---|---|
| ဦးမင်းကျော်ယု | နှင့် | ဦးငွေးတင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(င-၆/၃၇)၊ မြို့သစ်(၃)နေ (ဘ) ဦးကြီးမောင်၏သား ဦးငွေးတင်၊ SGG-၁၁၁၆၃၂ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးမင်းကျော်ယုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၆)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ ၀ ဒသမ ၀၅၁၁ကေ အကျယ်အဝန်းရှိ ဦးငွေးတင် အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၉ရက် (၁၃၈၄ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းကျော် )**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃/သုဝဏ္ဏ)၊ မြေကွက်အမှတ်(၄၂-ခ)၊ ဧရိယာ ၀ ဒသမ ၁၅၄ကေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၂-ခ)၊ ဂန္ဓမာလမ်း၊ (၂/သုဝဏ္ဏ)၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်အမည်ပေါက်သူများဖြစ်သော ဦးစိုးဝင်း ၁၂/ကတတ(နိုင်)၀၂၂၂၀၂ နှင့် ဒေါ်လှစုရှိန် ၁၂/ဗတထ(နိုင်)၁၁၈၇၀၅တို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာရပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစွမ်းသူမိုး ၁၂/ဗဟန (နိုင်)၀၉၆၀၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထက်ပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များနှင့် ပတ်သက်သည့် ပိုင်ဆိုင်ဂရန်မူရင်း၊ စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၀၂၉၃၀၊ ၀၉-၉၆၅၁၀၂၉၃၅၊ ၀၉-၄၂၀၀၉၇၀၇၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်အမှတ်(၁၀၄)၊ ၄၇လမ်းနှင့်၄၈လမ်းကြား၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြားရှိ ဒေါ်ခင်မြင့်စိန် အမည်ပေါက် တောဂရန်မြေကွက်အား အစ်မဖြစ်သော (မြေအမည်ပေါက်သူ) ဒေါ်ခင်မြင့်စိန်(အပျိုကြီးဘ၀)၊ မောင်ဖြစ်သူ ဦးခင်မောင်ထွေး(လူပျိုကြီးဘ၀)တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော ညီမဖြစ်သူ ဒေါ်ခင်မြင့်ရှိန် ၉/စကတ(နိုင်)၀၄၈၁၄၇က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## မဟာအောင်မြေခရိုင် တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၂၃နှင့် ဆက်နွှယ်သည့် ၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၂၈

| | | |
|---|---|---|
| ဒေါ်မေခိုင်ဝင်း(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်မေမီဝင်း) | နှင့် | ဒေါ်သူဇာဝင်း |
| **တရားနိုင်** | | **တရားရှုံး** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဇလပ်ဝါနှင့် ဒေလီယာလမ်းကြား၊ ၇၂x၇၃လမ်းကြား၊ မြို့သစ်(၂)ရပ်ကွက်၊ အမှတ်(၆၅)၊ (ဆ-၁)နေ ဒေါ်သူဇာဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၂၃တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၂ရက် မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သီတာ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၈

| | | |
|---|---|---|
| ဒေါ်ခင်စုပန် | နှင့် | ဒေါ်ငွေကြည် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(၁၀/၆၅)၊ အောင်ပင်လယ်ရပ်၊ ဒေါ်ငွေကြည် (ဘ) ဦးထွန်းအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ခင်စုပန်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၁၆၃-က)၊ အောင်ပင်လယ်ရပ်ကွက်၊ ဧရိယာ ၀ ဒသမ ၀၁၃၈ကေ အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၉ရက်(၁၃၈၄ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက် ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖွဲ့နေလအေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## မသက်ဆိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွက်သစ်ရပ်တွင်နေထိုင်သော ကိုဇော်ဝိတ် ၉/ညဥန(နိုင်)၁၅၀၁၀၄ သည်ကျွန်မ ဒေါ်ဟေမာခိုင် ၉/ညဥန(နိုင်)၁၄၈၁၂၂ အား အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်းနှင့်နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဟေမာခိုင် ၉/ညဥန(နိုင်)၁၄၈၁၂၂**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့်ကြည်
### ပါမောက္ခ၊ ဌာနမှူး (ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)
### အသက် (၅၈) နှစ်

လောကအကျိုး၊ သာသနာ့အကျိုး၊ ဌာနအကျိုး၊ အဖွဲ့အစည်းအကျိုးအတွက် တတ်စွမ်းသလောက် အားထုတ်ဆောင်ရွက်ခဲ့သူ၊ ဒေါ်မြင့်မြင့်ကြည်သည် ၄-၁၂-၂၀၂၂ ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ နှမြောတသ ကြေကွဲဝမ်းနည်းရပါသည်။

ဒေါ်မြင့်မြင့်ကြည် ကောင်းရာဘုံဘဝ ရောက်ပါစေ။

**ဒေါ်စန္ဒာခင် နှင့်**
**မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဟန်းဒါယိကာမကြီး
## ဒေါ်သန်းသန်းအေး
### သူနာပြုအုပ်(ငြိမ်း)၊ မော်လမြိုင်ပြည်သူ့ဆေးရုံ
### အသက် (၇၃)နှစ်

မြင်းခြံမြို့၊ အမှတ် (၉)ရပ်ကွက်နေ (ဦးထွန်းပ-ဒေါ်သိန်းကြည်)တို့၏ သမီးလတ်၊ ဒေါ်မြင့်မြင့်စိန်၏ညီမ၊ ဦးစိန်ညွန့်-ဒေါ်မြမြသန်းတို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်၊ မြေး ခုနစ်ယောက်တို့၏အဘွား ဒေါ်သန်းသန်းအေး အသက် (၇၃)နှစ် (မော်လမြိုင်ပြည်သူ့ဆေးရုံ၊ သူနာပြုအုပ်-ငြိမ်း) သည် ၂၉-၁၁-၂၀၂၂ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**(တူ/တူမများ)**
**ဦးစောရန်နိုင်၊ ဒေါ်စောမြင့်မြင့်မော်၊ ဦးစောအောင်ကျော်နိုင်၊ ဒေါ်စောအေးအေးခိုင်၊ ဦးကျော်စွာထက်၊ ဦးမြတ်ကိုကို**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်(ယခင်နန္ဒဝန်)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃/၄၃၊ နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၂၈ လမ်း-၁၇)၊ ဧရိယာ ၀.၀၁၁၀ ဧကရှိမြေအား အမှုတွဲအမှတ် 3525/1994-1995 အရ (၂-၁-၁၉၉၅)မှ (၁-၁-၂၀၂၅)ထိ ဦးမြအမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်ရရှိထားသော ဝင်းမြေအား ဦးဝင်းလှိုင်အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက် ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်(ယခင်နန္ဒဝန်)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃/၄၃၊ နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၂၈ လမ်း-၁၉)၊ ဧရိယာ ၀.၀၁၁၀ ဧက ရှိမြေအား အမှုတွဲအမှတ် 249/1992-1993 အရ (၁၃-၈-၁၉၉၃)မှ (၁၂-၈-၂၀၂၃)ထိ ဒေါ်ညွန့်ညွန့်အမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်ရရှိထားသော ဝင်းမြေအား ဦးဝင်းလှိုင်အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဟသ်ာတမြို့၊ ဥယျာဉ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀)၊ ဦးယျာဉ်ကြီးတောင်ရပ်၊ ဦးပိုင်အမှတ်(၁၅၈က)၊ ဧရိယာ(၀.၁၁၉၆၈၉)ဧကအနက်မှ (၀.၁၁၁မ ၀၄၄)ဧကရှိမြေကို ဒေါ်အင်ကြင်းမြတ်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟသ်ာတမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊(၈)ရပ်ကွက်၊ဗိုလ်ဆွန်ပက်လမ်း၊ တိုက်အမှတ် (၃၀၉-၃၁၁)၊ ပထမထပ်(ဝဲ)၊ အကျယ်အဝန်း (၁၂ပေခွဲx ပေ၆၀)ရှိ ရေမီးစုံ ပါဝင်သောတိုက်ခန်း၊ မျက်မြင်အခြေအနေအတိုင်း တိုက်ခန်း၌ အသေစွဲကပ်တပ်ဆင်ထားသောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဟာဝါဘီ(စီဒီ-၀၁၈၀၄၀) မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီးငင်း၏ကိုယ်စား လွှတ်လပ်စွာလက်မှတ်ရေးထိုး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ သမီးဒေါ်ဂျာမီလာဒါဝတ်ဂျင်ဝါလား ၁၂/ပဘတ(နိုင်) ၀၀၁၄၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၅-၁၂-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ကိုချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သောတိုက်ခန်းတန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများအားယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသီတာမော်(LL.B,D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၄၂၉/၁၂)**
**အမှတ် ၉၉/၁၀၁၊ကျောက်မြောင်းလမ်းနှင့် မလွန်ကုန်းလမ်းထောင့် ကျားကွက်သစ်(စံပြ)ရပ်ကွက်၊တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၊ ၀၉-၇၉၃၅၃၇၀၇၈**

## ဦးပြည်စိုး
### အသက် (၄၁)နှစ်

ကြို့ပင်ကောက်မြို့နေ (ဦးစိုးတင့်-ဒေါ်စန်းကြည်)၊ သန်လျင်မြို့နယ်နေ (ဦးထွန်းတင်-ဒေါ်မြကျင်)တို့၏မြေး၊ ရန်ကုန်မြို့နေ (ဦးကြည်စိုး-ဒေါ်စုစု)တို့၏သား၊ ဒေါက်တာ ဇင်ဝေနိုင်၊ ဒေါက်တာ စောသန္တာတင်၊ (ဒေါ်မေမွန်ကြည်စိုး)၊ ဒေါ်သဲကြည်စိုးတို့၏မောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးနေဝင်း)-ဒေါ်မိမိအုံးတို့၏သားမက်၊ ဒေါ်ရှုပါနေဝင်း၏ခင်ပွန်း၊ သမီးလေးပျိုးသဒ္ဒါထက်၊ သားလေး မောင်ပိုင်သုတထက်တို့၏ဖခင် ဦးပြည်စိုးသည် ၆-၁၂-၂၀၂၂ရက် နံနက် ၇:၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အမှတ် (၁၂၁/၁)၊ ရေနံ့သာလမ်း၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်သို့ တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၈)၊ဦးပိုင်အမှတ်(၁၀၆)၊ ငှက်ကြဲလမ်းနှင့် (၅၂x၅၃)ကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ (ခင်ပွန်း) ဒုတပ်ကြပ်သန်းအောင် ကွယ်လွန်၍ ကျန်ရစ်သူ (ဇနီး) ဒေါ်ခင်မာဝင်း ၉/မနမ(နိုင်) ၀၉၅၀၄၄က တောဂရန်စာချုပ်၊ သေစာရင်း၊ မြေချထားမိန့်၊ လမ်းဖိုး၊ မြေဖိုးငွေပြေစာ မူရင်းများ၊ အသိမ်းလွန်၍ ပျောက်ဆုံးကြောင်းနှင့် တရားဝင်ဇနီးဖြစ်ကြောင်း (ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း) ထောက်ခံ ချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း

ပဲခူးမြို့၊ မြို့တွင်းကြီးရပ်၊ အကွက်အမှတ်(၁၇-စီ)၊ အကွက်အမည်-ရွှေမော်ဓော၊ ဦးပိုင်အမှတ်(၂၁င)၊ မြေကွက်အမှတ်၊ ဧရိယာ ၀.၁၁၁မ ၀၅၆ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်(က)အရှေ့လားသော် ဦးပိုင်အမှတ် (၂၁က)၊ (ခ)အနောက်လားသော်-လမ်းကြား၊(ဂ)တောင်လားသော်-သနပ်ပင်လမ်း၊ (ဃ)မြောက်လားသော်-ဦးပိုင်အမှတ်- ၂၁က။

အထက်ဖော်ပြပါမြေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်ဖြူဖြူသင်း၊ ဦးအောင်သိန်းနိုင်မှ လျှောက်ထား လာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ်၊ဒီဇင်ဘာလ ၂၇ရက်မတိုင်မီဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူ မရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**ပဲခူးမြို့**

## (၂၀-၅-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၃၀)၌ ဦးဘရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးအာကာဝင့်ဇော်နှင့်ဒေါ်အိရွှေဇင်တို့၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ (၁၂)လမ်း၊ အမှတ်(၄၃၉)နေ ဦးမင်းမင်းအောင် ၁၂/ဥကမ(နိုင်) ၂၇၆၇၇၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးဘရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးအာကာဝင့်ဇော် နှင့်ဒေါ်အိရွှေဇင်တို့၏(၂၀-၅-၂၀၂၂)ရက်စွဲပါ ကြေညာချက်အပေါ် ဦးဘရွှေနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၂)ရပ်ကွက်၊ ရန်ကုန်လမ်း၊ အမှတ်(၂၉၁)၊ အလျား(၆၀)ပေ x အနံ (၈၀)ပေ အကျယ်အဝန်းရှိ ဦးဝင်းမောင်အမည်ပေါက် မြေကွက်နှင့် မြေချပါမစ်မူရင်းအား ဦးဘရွှေ ၁၂/မဂဒ(နိုင်) ၀၅၂၃၂ထံမှ စာချုပ်အဆက်စပ်ဖြင့် သက်သေများရှေ့မှောက်တွင် (၂၅-၈-၂၀၂၀)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ် ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရောက်ရယူဝယ်ယူခဲ့ပြီး ယင်းမြေကွက်အတွက် လူကြီးမင်း ဦးဘရွှေ ၁၂/မဂဒ(နိုင်) ၀၅၂၃၂မှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌(၂၅-၈-၂၀၂၀)ရက်တွင် မှတ်ပုံတင်အမှတ် (၁၀၄၉/၂၀၂၀)ဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းမင်းအောင်အား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားပြီးလည်းဖြစ်ပါသည်။

ထိုသို့လူကြီးမင်းက ကျွန်ုပ် မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချထားပြီးဖြစ်သည့် အထက်ဖော်ပြပါ နေရပ်လိပ်စာရှိ ဦးဝင်းမောင်အမည်ပေါက် မြေချပါမစ်မူရင်းအား (၃-၄-၂၀၂၂)ရက်တွင် မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပေါက်ကံမြို့သစ်ကြား၊ ပစ္စည်းအပြောင်း အရွှေ့ပြုလုပ်စဉ် ပျောက်ဆုံးသွားကြောင်းနှင့် လက်ဝယ်သိမ်းဆည်းပြီး၊ မမှန်မကန်အလွဲသုံးစားပြုလုပ်မည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း (၂၀-၅-၂၀၂၂)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၀ ၌ မမှန်မကန်ထည့်သွင်းကြေညာခဲ့ခြင်းမှာ ကျွန်ုပ်မိတ်ဆွေ၏ ပိုင်ရေးဆိုင်ခွင့်အား ထိခိုက်စေသည့်အပြင် ဂုဏ်သိက္ခာ ကျဆင်းထိခိုက်နစ်နာရသည့်အတွက်ကြောင့် လူကြီးမင်း၏ မမှန်မကန် ကြေညာခဲ့သောအကြောင်းအရာများအတွက် ကျွန်ုပ်မိတ်ဆွေအား ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဝန်ချတောင်းပန်ရန်နှင့်ပြန်လည်ဖြေရှင်းပေးရန် ကြေညာအပ်ပါသည်။

အကယ်၍ လူကြီးမင်းက ကျွန်ုပ်၏မိတ်ဆွေအား ဝန်ချတောင်းပန်ခြင်း၊ ပြန်လည်ဖြေရှင်းပေးခြင်းတို့အား ပြုလုပ်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းဦးဘရွှေနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မျိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၃/၁၇)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၆၂၂၆၃၀၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/B)၊ မြေကွက်အမှတ် (၁၄၈/A)၊ ဧရိယာ(၀.၁၁၁မ၂၂၉၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၄၈/A)၊ ဘုရင့်နောင်လမ်း၊ ပုလဲ(၁)ရပ်ကွက်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ အမည်ပေါက် ဦးလင်ရှစ်လိန်(ခ)ဦးစိန်အေး ၁၂/လသန(နိုင်) ၀၁၉၄၉၈၊ ဒေါ်တျောင်ဂွာတောင်(ခ)ချန်ဝက်ခွန်(ခ)နုနုရီ ၁၂/လသန(နိုင်) ၀၁၉၆၄၄၊ မြေအမျိုးအစားနှစ်(၆၀)ဂရန်မြေအား ဖခင်ဖြစ်သူ အမည်ပေါက် ဦးလင်ရှစ်လိန်(ခ)ဦးစိန်အေးသည် ၂၄-၃-၂၀၀၉ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ အမည်ပေါက် ဒေါ်တျောင်ဂွာတောင်(ခ)ချန်ဝက်ခွန်(ခ)နုနုရီသည် ၂၄-၁၁-၂၀၀၃ရက်တွင်လည်းကောင်း၊ ၎င်းတို့၏ တစ်ဦးတည်းသောသားဖြစ်သူ ဦးစိုးဝင်း ၁၂/လသန(နိုင်) ၀၂၀၄၅၆ သည် ၁၀-၇-၂၀၂၁ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်ရီဝေ(ခ)ဒေါ်ဘိလေ ၁၂/လသန(နိုင်) ၀၀၈၂၇၃မှ အမည်ပေါက်၏တစ်ဦးတည်းသောချွေးမတော်စပ်ကြောင်း ဒဂုံမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၇/၁၉၅၃/၂၀၂၂ (၂၀-၇-၂၀၂၂)အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/51217, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၄/ပသန(နိုင်) ၂၀၇၇၈၈၈က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၉၈၇၂၅, Honda Click 125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းခန့်ဟိန်း ၆/မမန(နိုင်)၂၇၇၁၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၆၅၂၃, Honda Click 150 , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ်စုလှိုင် ၆/မမန(နိုင်)၂၄၆၀၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၂၄၇၉ , Honda Dream 12M, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ရီ ၆/မအရ(နိုင်)၀၁၀၄၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ သမိုင်း (အထူးပြု) ၂၀၂၀၊ ၄သ-၂(၀၂၃) ဖြင့် ဖြေဆိုအောင်မြင်ထားသော မဘူးကာ၏ ဖခင် ဦးအားဖာ(ခ) ဦးထဲဖါမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအားဖာ(ခ)ဦးထဲဖါ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ သမိုင်း (အထူးပြု) ၂၀၂၀၊ ၄သ-၄(၀၂၃) ဖြင့် ဖြေဆိုအောင်မြင်ထားသော မဇာဇာလှိုင်၏ ဖခင် ဦးခုတ်လျှံမှုံ(ခ)ဦးခုတ်လျှန်းမှုံမှာ တစ်ဦးတည်းဖြစ်ပါကြောင်း

**ဦးခုတ်လျှံမှုံ(ခ)ဦးခုတ်လျှန်းမှုံ**

## မွေးသက္ကရာဇ်မှန်

ဦးနောဆာတူ၏သား ကျိုင်းတုံမြို့၊ အထက (၇)၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်နောဂျိုဆာဝူ၏ မွေးသက္ကရာဇ်အမှန်မှာ (၈-၂-၂၀၁၁) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးချင်းရိုဆင်း၏ သမီး တာချီလိတ်မြို့၊ ၄/၉၊ ဝမ်ကောင်းရပ်ကွက်နေ မဖြူသန့်တင် (TCK-၀၆၀၅၆၈) အား မခခဇော် ဟု အမည်ပြောင်းလဲခေါ်ပါရန်။**မခခဇော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/39133, Honda PCX 160, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်း ၁၄/ပသန(နိုင်)၀၀၆၂၉၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ ဦးထွန်းမြင့်လမ်း၊ မြေကွက်အမှတ်(၇၉၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်နုနုအောင် (၉/ညဥန (နိုင်) ၀၂၈၃၅၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင်ဝင်း (၉/မနမ (နိုင်) ၀၂၈၉၂၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ရွှေဖီခိုင်ညွှာလမ်း၊ မြေကွက်အမှတ်(၄၇၆)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးညီညီအောင် (၁၂/ရကန (နိုင်) ၀၀၁၄၁၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးအောင် (၁၂/မရက (နိုင်) ၁၀၈၈၆၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ မြေပေါ်မြေအောက် သယံဇာတ ပစ္စည်းများကိုလည်း ကုန်ကြမ်း အတိုင်း ရောင်းချခြင်း မဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန် များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလားအလာရှိသောမြို့၊ ရွာများကို ခရီးသွားမြို့များ၊ ခရီးသွားကျေးရွာများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ခရီးသွားလုပ်ငန်း

*စာမျက်နှာ ၄ ကော်လံ ၁*❏




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

## တောင်ကိုရီးယားကို ဂိုးပြတ်အနိုင်ယူပြီး ဘရာဇီးအသင်း ကွာတားဖိုင်နယ်တက်



ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် တောင်ကိုရီးယားအသင်းနှင့် ဘရာဇီးအသင်းတို့ပွဲစဉ်တွင် ဘရာဇီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။

ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်ခြေ မြင့်မားနေသည့် နည်းပြတီတီ၏ ဘရာဇီးအသင်းသည် ဒဏ်ရာမှ သက်သာလာသော အဓိကတိုက်စစ်ကစားသမား နေမာ ပြန်လည်ပါဝင်လာနိုင်မှုနှင့်အတူ တိုက်စစ်ခြေစွမ်းပြသနိုင်ခဲ့ကာ ပထမပိုင်းပွဲချိန်အတွင်း လေးဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၈ ကော်လံ ၅*❖


ယနေ့ သတင်းအညွှန်း

ကျင်စန်းကျော့ဂိတ်မှတစ်ဆင့် တရုတ် -မြန်မာ နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှု ပုံမှန်ဆောင်ရွက်လျက်ရှိ

ပြည်တွင်းသတင်း စာ - ၁၁

ထိုင်းနိုင်ငံတောင်ပိုင်း၌ ရထားလမ်း ဗုံးပေါက်ကွဲမှုကြောင့် သုံးဦးထက်မနည်း သေဆုံး၊ လေးဦးဒဏ်ရာရ

နိုင်ငံတကာသတင်း စာ - ၁၃